မသန်စွမ်းမှုဆိုင်ရာ
အသိပညာပေး လက်စွဲစာအုပ်

Disability Awareness

Booklet



မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ - ၂၀၂၆ ခုနှစ်

မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လက်စွဲစာအုပ်
Disability Awareness Booklet

မာတိကာ

၁။ အဖွဲ့နောက်ခံသမိုင်းကြောင်း

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (မီလီ) သည် ၂၀၁၁ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် စတင် တည်ထောင်ခဲ့ပြီး မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ အမှီအခိုကင်းစွာ ကိုယ်တိုင်ဆုံးဖြတ် ဘဝရပ်တည်နိုင်ရေး၊ သာတူညီမျှ လူ့အခွင့်အရေး ရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ အကျုံးဝင်ပါဝင်နိုင်စေရေး၊ အတားအဆီးကင်းသည့် လူမှုအသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရေးတို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်၊ အတားအဆီး ကင်းသော ဝန်းကျင်ဖော်ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူညီပေးရေး ကဏ္ဍများတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးနှင့် လူ့အခွင့်အရေးများ တိုးတက်ရရှိစေရေးတို့အတွက် ဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့၏ရုံးချုပ်သည် ရန်ကုန်မြို့တွင် တည်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် (၉) ခုတွင် နယ်ရုံးခွဲ ပေါင်း (၂၇) ခုဖြင့် မသန်စွမ်းသူများအရေးကို ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့၏ ရည်မှန်းချက်

"မသန်စွမ်းထုတစ်ရပ်လုံး ကိုယ်တိုင်ဆုံးဖြတ်ဘဝရပ်တည်နိုင်ပြီး ၎င်းတို့၏စွမ်းရည်များကို အပြည့်အဝအသုံးချနိုင်သော အားလုံးအတွက် အခွင့်အရေးတန်းတူညီမျှသည့် လူအဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရန်"

အဖွဲ့၏ရည်ရွယ်ချက်-

(က) မသန်စွမ်းသူများ အမှီခိုကင်းစွာ ဘဝရပ်တည်နိုင်ရေးအတွက် စွမ်းရည်မြှင့်တင်ပေးရန်နှင့် လိုအပ်သော ပံ့ပိုးကူညီမှုများပေးရန်။

(ခ) မသန်စွမ်းသူများ လူမှုအသိုင်းအဝန်းအတွင်း ပိုမိုဝင်ဆံ့လာရေးနှင့် ၎င်းတို့၏အခွင့်အရေးများ တိုးတက် ရရှိလာရေး ဆောင်ရွက်ပေးရန်။

အဖွဲ့၏ ဆောင်ပုဒ်မှာ "လူ့ဘောင်အလင်း၊ ဒို့ဆောင်ကြဉ်း" ဖြစ်ပြီး အပြောင်းအလဲကို ဖော်ဆောင်ကြသူများ ပေါ်ထွက်လာစေရန် **"We are Agent of Change"** ဟူသော ဆောင်ပုဒ်ဖြင့် မသန်စွမ်းကလေးသူငယ်များ၊ မသန်စွမ်းအမျိုးသမီးများအပါအဝင် မသန်စွမ်းသူများအားလုံးအတွက် ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့အမှူဆောင်ဒါရိုက်တာ ဥယျောဇဉ်

၂၀၀၈ ခုနှစ်၊ မေလ ၉ ရက်တွင် မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီးသို့ ဦးတည်တိုက်ခတ်ခဲ့သည့် နာဂစ် ဆိုင်ကလုန်း အပြီးတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူညီပေးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည့် UN အေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများသည် ယခင်ထက်ပိုမို အားကောင်းလာပါသည်။ ထိုနည်းတူ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး ကဏ္ဍများ အပါအဝင် ကဏ္ဍတိုင်းတွင် မသန်စွမ်းသူ များ၏ ပါဝင်စေမှုသေချာစေရေးအတွက် မသန်စွမ်းသူများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများလည်း ပိုမိုအား ကောင်းလာပြီး နိုင်ငံအဝှမ်းတွင် မသန်စွမ်းအဖွဲ့အစည်းများ ပိုမိုထွက်ပေါ်လာပါသည်။

၂၀၁၁ ခုနှစ်တွင် **ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း (UNCRPD)** ကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ တွင် မသန်စွမ်းသူများ အခွင့်အရေးဥပဒေကို ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ကာ ၂၀၁၇ ခုနှစ်တွင် ၎င်း၏နည်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးသည့်နောက်ပိုင်း လူသားချင်းစာနာ ထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေကြသည့် UN အေဂျင်စီများအပါအဝင် အဖွဲ့အစည်းများသည် ၎င်းတို့၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် **မသန်စွမ်းသူများအကျုံးဝင်ပါဝင်စေရေး (Disability Inclusion)** ကို အလေးထားဆောင်ရွက်လာကြပါသည်။

"Leave no one behind" ဟူသည့် အင်ဆွန်းမဟာဗျူဟာ၏ ဆောင်ပုဒ်နှင့်အညီ မသန်စွမ်းသူများ အကျုံးဝင်ပါဝင်စေရေးအတွက် မသန်စွမ်းသူများ၏အသံများကို ကောင်းစွာနားထောင်ကြားသိခြင်း၊ မသန်စွမ်းအဖွဲ့အစည်းများနှင့်ဆွေးနွေးအကြံဉာဏ်ရယူခြင်းနှင့်မသန်စွမ်းအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ရန်မှာလွန်စွာအရေးကြီးလှပါသည်။

ယခု မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ စီစဉ်ထုတ်ဝေသည့် **"မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လက်စွဲစာအုပ်"** တွင် မသန်စွမ်းမှုဆိုင်ရာ အခြေခံသဘောတရားများ၊ မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးဆိုင်ရာ ချဉ်းကပ်နည်းများ၊ မသန်စွမ်းသူများ လွယ်ကူစွာ လက်လှမ်းမီရယူအသုံးပြုနိုင်မှု၊ ကမ္ဘာသုံးပုံစံများ၊ မသန်စွမ်းသူများ၏ ပါဝင်နိုင်မှုအတွက် သင့်တင့်လျောက်ပတ်သည့် နေရာထိုင်ခင်း/စီစဉ်ဖြည့်ဆည်းပေးမှုဆိုင်ရာ သဘောတရားများ၊ မသန်စွမ်းသူများနှင့် ဆက်သွယ်ဆက်ဆံခြင်းဆိုင်ရာ သိထားသင့်သည့်အချက်များ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များ၊ မသန်စွမ်းမှုအမျိုးအစားအလိုက် အသုံးပြုကြသည့် အထောက်အကူပြုပစ္စည်းများ၊ မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်နှင့်အရင်းအမြစ်များ စသည်တို့ကို စုံလင်စွာ ရေးသား ပြုစုထားပါသည်။ ဤလက်စွဲစာအုပ်မှတစ်ဆင့် ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းစဉ်များတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ်များ၊ မသန်စွမ်းမှုဆိုင်ရာအရေးဆိုတင်ပြမှုများနှင့် စီမံချက်လုပ်ငန်းအစီအစဉ်များ ပြင်ဆင်ရေးဆွဲခြင်း၊ အဆိုပြုလွှာများ ပြင်ဆင်ရေးသားခြင်းတို့အတွက် များစွာ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါသည်

ဤလက်စွဲစာအုပ်အား အသုံးပြုခြင်းဖြင့် မသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လုပ်ငန်းစဉ်များ ပိုမိုအား ကောင်းလာပြီး မသန်စွမ်းသူများအကျုံးဝင်ပါဝင်မှုကို တဖက်တလမ်းမှ မြှင့်တင်နိုင်ရန် ဆန္ဒပြုအပ်ပါသည်။

ဇေယျာမင်း
အမှူဆောင်ဒါရိုက်တာ
Myanmar Independent Living Initiative – MILI

၃။ စီမံချက်နောက်ခံအကြောင်း

Myanmar Humanitarian Fund (MHF) ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) နှင့် Humanity and Inclusion Myanmar (HI) အဖွဲ့တို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များတွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးအားပေးမြှင့်တင်ရန်အတွက် စီမံချက်တစ်ခုဖြစ်သည့် Mainstream disability in the humanitarian response in Myanmar စီမံချက်ကို ၂၀၂၄ ခုနှစ် ဇူလိုင်လမှစ၍ ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံချက်မှာ မြန်မာနိုင်ငံရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေး အစီအစဉ်များတွင်ဆောင်ရွက်နေကြသည့်အဖွဲ့အစည်းများ၏ မသန်စွမ်းသူများအကျုံးဝင်ပါဝင်ရေးဆိုင်ရာစွမ်းဆောင်ရည်များကို အားပေးမြှင့်တင်ခြင်းအားဖြင့် ၎င်းတို့၏ ပင်မလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ ပိုမိုအကျုံးဝင်ပါဝင်လာစေရန်ရည်ရွယ်၍ စီမံချက်လုပ်ငန်းစဉ်များကို အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

စီမံချက်လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည့် မသန်စွမ်းမှုဆိုင်ရာ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် အသိပညာများကို မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးနှင့် လူသာချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီပေးရေးအဖွဲ့အစည်းများ၊ လူမှုအကျိုးပြု အရပ်ဖက်အဖွဲ့အစည်းများထံ ဖြန့်ဝေနိုင်ရန်အတွက် ဤမသန်စွမ်းမှုဆိုင်ရာ အသိပညာပေး လက်စွဲစာအုပ်ကို ပြုစုထုတ်ဝေခြင်း ဖြစ်ပါသည်။ ဤလက်စွဲစာအုပ်မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာများ ဖြန့်ဝေရေးလုပ်ငန်းစဉ်များတ မသန်စွမ်းသူများအကျုံးဝင်ပါဝင်လာရေးနှင့် မသန်စွမ်းမှုဆိုင်ရာအသိပညာများ ပြန့်ပွားရေးအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ပါသည်။

၃။ မသန်စွမ်းမှုဆိုသည်မှာ

မသန်စွမ်းမှုဆိုသည်မှာ

ခန္ဓာကိုယ်ချို့ယွင်းအားနည်းမှုတစ်ခုခုရှိသူသည် ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် အခြားသူများနည်းတူ လူမှုအသိုက်အဝန်းအတွင်း အပြည့်အဝတန်းတူပါဝင်ဆောင်ရွက်နိုင်မှုမရှိခြင်းကိုဆိုလိုသည်။ (Persons with Disabilities Rights Law -2015)

ချို့ယွင်းအားနည်းချက်ရှိသူများနှင့် ၎င်းတို့အား လူ့အဖွဲ့အစည်းအတွင်း အများနည်းတူပါဝင်မှုကို ဟန့်တားထားသော စိတ်သဘောထားအမြင်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အတားအဆီးများအကြား အပြန်အလှန်သက်ရောက်မှုမှ ဖြစ်ပေါ်လာသည့် ရလဒ် ဖြစ်သည်။

ချို့ယွင်းမှုတစ်စုံတစ်ရာရှိတိုင်း မသန်စွမ်းမှုမဖြစ်ပါ။ ချို့ယွင်းအားနည်းမှုနှင့်အတားဆီးများ ထိပ်တိုက်တွေ့မှသာ မသန်စွမ်းမှုဟူ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ချို့ယွင်းမှုရှိသူအနေနှင့် လူမှုအသိုင်းအဝန်းအတွင်း အခြားသူများနှင့် တန်းတူပါဝင်ခွင့် ဆုံးရှုံးခြင်းရှိမှသာ မသန်စွမ်းမှု (မစွမ်းဆောင်နိုင်မှု) ဖြစ်ပေါ်ပါသည်။

မသန်စွမ်းမှု = ခန္ဓာကိုယ်ချို့ယွင်းမှု + အတားအဆီး

မသန်စွမ်းသူဆိုသည်မှာ

မွေးရာပါ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဥာဏ်၊ စိတ်ပိုင်း၊ ဥာဏ်ရည်ဥာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူများကို ဆိုလိုသည်။

၄။ မသန်စွမ်းမှု အမျိုးအစားများ

မသန်စွမ်းမှုအမျိုးအစားများ သတ်မှတ်ရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ဒေသတစ်ခုနှင့်တစ်ခု အဓိပ္ပါယ်ဖွင့်ဆို သတ်မှတ်ချက် မတူညီသလို နိုင်ငံ/ဒေသရဲ့ လူမှုစီးပွား အခြေနေ၊ နောက်ခံယဉ်ကျေးမှု၊ ဥပဒေ/မူဝါဒပြုမှုနှင့် မသန်စွမ်းအခွင့်အရေး လှုပ်ရှားမှုတို့အပေါ်မူတည်ပြီး မသန်စွမ်းမှုအမျိုးအစား သတ်မှတ်ချက်များ ကွဲပြားကြပါသည်။

ထိုနည်းတူ အဖွဲ့အစည်းများသည်လည်း မိမိတို့ဦးတည်ဆောင်ရွက်မည့် အစီအစဉ်၏ ရည်ရွယ်ချက်နှင့် အတိုင်းအတာ၊ ရင်းမြစ်သုံးစွဲနိုင်မှု၊ မသန်စွမ်းသူများအရေးကျွမ်းကျင်မှုတို့အပေါ်မူတည်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသန်စွမ်းမှု အမျိုးအစား သတ်မှတ်ချက်များ မတူညီကြပါ။ ဆိုလိုသည်မှာ ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများအားလုံးက တညီတညွတ်တည်း စံသတ်မှတ်လက်ခံထားသော **"မသန်စွမ်းမှုအမျိုးအစားများ"** ဟူ၍ မရှိပါ။

မြန်မာနိုင်ငံတွင် ယေဘုယအားဖြင့် မသန်စွမ်းမှုအမျိုးအစားများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

- ကိုယ်အင်္ဂါမသန်စွမ်းမှု (Physical disability)
- အမြင်အာရုံမသန်စွမ်းမှု (Visual disability)
- အကြားအာရုံမသန်စွမ်းမှု (Hearing disability)
- အပြောအာရုံမသန်စွမ်းမှု (Speech disability)
- ဉာဏ်ရည်မသန်စွမ်းမှု (Intellectual disability)
- စိတ်လူမှုပိုင်းဆိုင်ရာမသန်စွမ်းမှု (Psycho-social disability)
- တစ်မျိုးထက်ပိုသောမသန်စွမ်းမှု (Multiple disability)

မသန်စွမ်းမှု အမျိုးအစားတစ်ခုအချင်းအလိုက် မည်သို့သော အမျိုးအစားခွဲများ ပါဝင်သည်ကို အောက်ပါအတိုင်း ယေဘုယျ နားလည်နိုင်ပါသည်။

အုပ်စု	**အမျိုးအစားခွဲများ**
ကိုယ်အင်္ဂါမသန်စွမ်းမှု	• ပိုလီယို (Polio) • သူဌယ်နာအကြောတင်း (Cerebral palsy) • ကြွက်သားအားနည်းမှု (Muscular Dystrophy) • အောက်ပိုင်းသေ (Paraplegia) • လေဖြတ် (Stroke) • ခြေပြတ်/လက်ပြတ် (Amputees) • ခြေပူး/လက်ပူး (Polydactyly hands or feet) • ခြေပွား/လက်ပွား (Polydactyly – extra fingers or toes) • ခြေခွင်/လက်ခွင် (Clubfoot or clubhand) • နှုတ်ခမ်းကွဲ/အာခေါင်ကွဲ (Cleft lip or cleft palate) • ကျောရိုးခုံး/ကျောရိုးကွေး (Scoliosis or Kyphosis) • မွေးရာပါချို့ယွင်းမှု (Congenital deformity) • အရိုးကြွပ်ဆပ် (Osteogenesis imperfecta/brittle bone) • ဦးခေါင်းကြီး (Hydrocephalus)

	• ခါးအမှေးကွဲ (Spina bifida) • အနာကြီး (Leprosy) • သက်ကြီးလူပု (Dwarf) • အခြားအမျိုးအစားခွဲများလည်း ရှိနိုင်ပါသည်။
အမြင်အာရုံမသန်စွမ်းမှု	• လုံးဝမမြင် (Totally blindness) • တစ်စိတ်တစ်ဒေသမြင် (Partial blind or low vision) • အရောင်ကိုခြားနားစွာမြင် (Colour blindness) • အခြားအမျိုးအစားခွဲများလည်း ရှိနိုင်ပါသည်။
အကြားအာရုံမသန်စွမ်းမှု	• နားလုံးဝမကြား (Totally deaf) • နားလေး (Hard of hearing) • အခြားအမျိုးအစားခွဲများလည်း ရှိနိုင်ပါသည်။
အပြောအာရုံမသန်စွမ်းမှု	• လုံးဝစကားမပြောနိုင် (Complete loss of speech/Anarthria) • စကားထစ် (Fluency disorders) • အခြားအမျိုးအစားခွဲများလည်း ရှိနိုင်ပါသည်။
ဉာဏ်ရည်မသန်စွမ်းမှု	• ဒေါင်းစင်ဒရုန်း (Down syndrome) • အော်တစ်ဇင် (Autism) • ဖွံ့ဖြိုးမှုနှောင့်နှေး (Developmental delay) • အာရုံစိုက်မှုလျော့နည်း/တက်ကြွမှုလွန်ကဲ (ADHD – Attention- deficit/ hyperactivity disorder) • အခြားအမျိုးအစားခွဲများလည်း ရှိနိုင်ပါသည်။
စိတ်လူမှုပိုင်းဆိုင်ရာမသန်စွမ်းမှု	• လူတစ်ယောက်၏နေ့စဉ်ဘဝတွင် စိတ်ခံစားချက်၊ အပြုအမူ၊ လုပ်ဆောင်နိုင်စွမ်းကို ထိခိုက်စေသည့် စိတ်ကျန်းမာရေးအခြေအနေနှင့် ဆိုင်သော မသန်စွမ်းမှုမျိုးဖြစ်သည်။ ပညာရှင်အမျိုးမျိုးမှ သတ်မှတ်ချက် အမျိုးမျိုးရှိရာ အလွန်တရာကျယ်ပြန့်ပါသည်။
တစ်မျိုးထက်ပိုသောမသန်စွမ်းမှု	• လူတစ်ဦးတွင် အထက်ဖော်ပြပါမသန်စွမ်းမှုအခြေအနေတစ်မျိုးထက်ပို၍ ရှိနေသောအမျိုးအစားဖြစ်သည်။

၅။ မသန်စွမ်းမှုသဘောတရားနှင့် ရှုမြင်ပုံများ

လူမှုပတ်ဝန်းကျင်တွင် မသန်စွမ်းသူများအပေါ် ရှုမြင်ပုံများသည် ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ ဆင့်ကဲပြောင်းလဲလာပါသည်။ ယေဘုယျအားဖြင့် မသန်စွမ်းသူများအပေါ် ရှုမြင်ပုံ (၃) မျိုး ရှိပြီး ၎င်းတို့မှာ ကုသိုလ်ဖြစ်အမြင်၊ ဆေးပညာအမြင်၊ လူမှုရေးနှင့်လူ့အခွင့်အရေးအခြေပြုအမြင်တို့ဖြစ်သည်။

ကုသိုလ်ဖြစ်အမြင် (Charity Model)

ရှုမြင်ပုံ

- ❑ မသန်စွမ်းမှုအရေးကိစ္စသည် တသီးပုဂ္ဂလပြဿနာဖြစ်ပြီး ကာယကံရှင်နှင့်သာသက်ဆိုင်သည်။ အခြားသူများနှင့် မသက်ဆိုင်။
- ❑ မသန်စွမ်းသူများကို ဝန်ထုပ်ဝန်ပိုးများ၊ အမြဲတမ်းအကူအညီလိုအပ်နေသူများ၊ အလှူလက်ခံသူများအဖြစ် ရှုမြင်သည်။
- ❑ မသန်စွမ်းဖြစ်မှုသည် ကံမကောင်းခြင်းအဓိပ္ပါယ်ကိုဆောင်သည်။ လူတောထဲတွင် ရှက်စရာ၊ သိမ်ငယ်စရာ၊ ဂုဏ်ငယ်စရာအဖြစ် မှတ်ယူသည်။
- ❑ မသန်စွမ်းသူများ၏စွမ်းဆောင်ရည်ကို အပေါ်ယံအမြင်ဖြင့် ဆုံးဖြတ်ပြီး လုပ်နိုင်စွမ်းမရှိဟု ကောက်ချက်ဆွဲသည်။

ဆေးပညာအမြင်

ရှုမြင်ပုံ

- ❑ မသန်စွမ်းသူများသည် ရောဂါသည်လူနာများ၊ သာမန်မဟုတ်သူများအဖြစ် ရှုမြင်သည်။
- ❑ မသန်စွမ်းဖြစ်မှုကို လူတစ်ယောက်၏ ကိုယ်ရေးကိုယ်တာ ကျန်းမာရေးပြဿနာအဖြစ်သာ ရှုမြင်သည်။

လူမှုရေးနှင့်လူ့အခွင့်အရေးအခြေပြုအမြင်

ရှုမြင်ပုံ

- ❑ မသန်စွမ်းမှုသည် ပြဿနာမဟုတ်၊ အခြေအနေတစ်ခုမျှသာဖြစ်သည်။ ဆေးကုရုံသက်သက်ဖြင့် လုံးဝဥဿုံ ပြေလည်သွားမည့်ကိစ္စမဟုတ်။
- ❑ မသန်စွမ်းမှုသည် မတူကွဲပြားမှုများထဲက တစ်ခုမျှသာဖြစ်သည်၊ မသန်စွမ်းသူများ၏အရေးကိစ္စသည် ကိုယ်ရေးကိုယ်တာ တသီးပုဂ္ဂလကိစ္စမဟုတ်၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံးနှင့် သက်ဆိုင်သည်။
- ❑ မသန်စွမ်းသူများသည်လည်း လူသားများဖြစ်သည်၊ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူ့မိသားစုဝင်များဖြစ်သည်။
- ❑ လူ့အခွင့်အရေးများကို ရရှိခံစားပိုင်ခွင့်ရှိသည်။ လူ့အဖွဲ့အစည်းသည် လူတိုင်းအတွက် ဖြစ်သည်။

	ကုသိုလ်ဖြစ်အမြင် Charity model	ဆေးပညာအမြင် Medical model	လူမှုရေးနှင့် လူ့အခွင့်အရေးအမြင် Social and right-based models
ရှုမြင်ပုံ	မသန်စွမ်းသူကို သနားစရာ စွန့်ကြဲခံ/ အလှူလက်ခံသူအဖြစ် ရှုမြင်သည်၊ Beneficiary/Object အဖြစ်သာ ရှုမြင်သည်။	မသန်စွမ်းသူကို ရောဂါသည်လူနာအဖြစ် ရှုမြင်သည်။	မသန်စွမ်းသူကို လူသားတစ်ယောက် အဖြစ် ရှုမြင်သည်၊ Right-holder – Right to access the services အဖြစ် ရှုမြင်သည်၊ Community member တစ်ယောက်အဖြစ် ရှုမြင်သည်။
အကြောင်းရင်း	မသန်စွမ်းမှုဆိုတာ ဘဝပေးအတိတ်ကံကြောင့်/ သိုက်ကလာလို/ နတ်ဆိုးစွဲကပ်မှုကြောင့်ဖြစ်သည်။	မသန်စွမ်းမှုဆိုတာ ခန္ဓာကိုယ် ဇီဝ/ကမ္မ ပုံမှန်မဟုတ်ခြင်းကြောင့်/ လူတစ်ယောက်တွင်ရှိရမည့်အင်္ဂါများ ပုံမှန်မဟုတ်ခြင်းကြောင့်ဖြစ်သည်။	မသန်စွမ်းမှုသည် ပတ်ဝန်းကျင် အတား အဆီးများကြောင့်/ မသန်စွမ်းသူများကို ပါဝင်ခွင့် မပြုသော လူ့အဖွဲ့အစည်းကြောင့် ဖြစ်သည်။
သက်ဆိုင်မှု	မသန်စွမ်းသူများ၏အရေးကိစ္စသည် မသန်စွမ်းအဖွဲ့အစည်းများ (သို့မဟုတ်) လူမှုဝန်ထမ်းဌာနနှင့်သာ သက်ဆိုင်သည်။	မသန်စွမ်းသူများ၏အရေးကိစ္စသည် ဆရာဝန်များ/ပညာရှင်များနှင့်သာ သက်ဆိုင်သည်။	မသန်စွမ်းသူများ၏အရေးကိစ္စသည် လူတိုင်း/ဝန်ဆောင်မှုပေးသူတိုင်း/ အဖွဲ့အစည်းတိုင်းနှင့် သက်ဆိုင်သည်။
ဖြေရှင်းဆောင်ရွက်ပုံ	မသန်စွမ်းသူများကို မိသားစုနှင့် ရပ်ရွာ လူထုအတွင်းမှ ခွဲထုတ်ပြီး သီးသန့် နေရာများ ဖြစ်သော ရှာသက်ပန် ဂေဟာ/ရိပ်မြုံများသို့ပို့၍ ပြုစုစောင့်ရှောက်သည်။	မသန်စွမ်းသူများကို အထူးလိုအပ်ချက်ရှိ သူများ/အထူးသီးသန့် လူအုပ်စုအဖြစ် သဘောထားပြီး ပြန်လည်ထူထောင်ပေးသည်၊ မရတော့ပါက ရာသက်ပန် ဂေဟာ ရိပ်မြုံသို့ ပို့၍ ပြုစုစောင့်ရှောက်သည်။	မသန်စွမ်းသူများ လူ့အဖွဲ့အစည်း အတွင်း ပါဝင်မှု မပြုနိုင်အောင် ဟန့်တားထားသော အတားအဆီးများကို ဖော်ထုတ် ဖယ်ရှားပြီး Inclusive services/ society ကို တည်ဆောက်သည်။

၆။ မသန်စွမ်းသူများ လက်လှမ်းမီပါဝင် အကျုံးဝင်မှုကိုကန့်သတ်/ဟန့်တားထားသော အတားအဆီးများ

မသန်စွမ်းသူများ လူမှုအသိုင်းအဝိုင်းအတွင်း အများနည်းတူ လက်လှမ်းမီပါဝင်နိုင်ရေးကို ဟန့်တားကန့်သတ်ထားသော အတားအဆီး (၄)မျိုးရှိပါသည်။

(၁) ရုပ်ပိုင်းဆိုင်ရာအတားအဆီး (Physical Barrier)

ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများတွင် သဘာဝအရ (နှင့်) လူတို့ တည်ဆောက်ထားသော ပတ်ဝန်းကျင် ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ပါဝင်ပါသည်။ ဥပမာ - အများပြည်သူဆိုင်ရာ အဆောက်အဦးများ၊ နေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ စျေးဝယ်စင်တာ၊ လမ်းတံတားများ၊ နေရာထိုင်ခင်းများ၊ သယ်ယူပို့ဆောင်ရေး ယာဉ်များ၊ စနစ်များ စသည်တို့ ပါဝင်ပါသည်။

(၂) စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာအတားအဆီး (Attitudinal Barrier)

စိတ်သဘောထား အမြင်ပိုင်းဆိုင်ရာ အတားအဆီးတွင် မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေပြီး လူမှုအသိုင်းအဝိုင်းအတွင်း ပါဝင်မှုကို အနှောင့်အယှက်ဖြစ်စေသော အဟန့်အတားအဖြစ် တည်ရှိနေသည့် အဆိုးမြင်ယုံကြည်မှုများ၊ နှိမ်ချမှုများ၊ ခွဲခြားဆက်ဆံသော အမြင်များနှင့် အပြုအမူ၊ အပြောအဆိုများ ပါဝင်သည်။ ဥပမာ - မသန်စွမ်းသူများအား မစွမ်းဆောင်နိုင်သည့် လူပတ်ဝန်းကျင်အတွက် ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်ခြင်း၊ သနားစရာ ပေးကမ်းစွန့်ကျဲခံ အဖြစ် ရှုမြင်ခြင်း၊ ခွဲခြား နှိမ့်ချ ဆက်ဆံခြင်း၊ အပြုသဘောမဆောင်သော အမည်နာမဖြင့် ခေါ်ဝေါ်ခြင်း စသည်တို့ ပါဝင်ပါသည်။

(၃) အဖွဲ့အစည်း/မူဝါဒဆိုင်ရာ အတားအဆီး (Institutional/Policy Barrier)

အဖွဲ့အစည်း/မူဝါဒဆိုင်ရာ အတားအဆီးတွင် မသန်စွမ်းသူများကို ချန်လှပ်ခြင်းကိုဖြစ်စေသော ခွဲခြားဆက်ဆံသည့် (သို့မဟုတ်) ၎င်းတို့၏လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးမှုမပြုနိုင်သည့် ဥပဒေများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးဆောင်ရွက်မှုများ ပါဝင်သည်။ (ဥပမာ - အလုပ်ခေါ်စာများတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ကို အဟန့်အတား ဖြစ်စေသည့် ကိုယ်လက်အင်္ဂါပြည့်စုံ သန်စွမ်းသူဖြစ်ရမည် ဟူသည့် သတ်မှတ်ချက်များ ထည့်သွင်းခြင်း၊ မသန်စွမ်းမှုအရ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်မှု မပြုခြင်း၊ မသန်စွမ်းသူများ ပါဝင်ခွင့်ကို ကန့်သတ်ရာရောက်သည့် မူဝါဒ လုပ်ထုံးလုပ်နည်းများ ချမှတ်ကျင့်သုံးခြင်း)

(၄) သတင်းအချက်အလက်/ ဆက်သွယ်ရေးဆိုင်ရာ အတားအဆီး (Communication Barrier)

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ အတားအဆီးတွင် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုများ၊ အခွင့်အလမ်းများ၊ အဆောက်အဦးများနှင့် ပူးပေါင်းပါဝင်မှုတို့ကို အကန့်အသတ်ဖြစ်စေသော၊ သာတူညီမျှလက်လှမ်းမီမှုကို အဟန့်အတား ဖြစ်စေသည့် နည်းပညာနှင့် ဆက်သွယ်ရေးစနစ်များ ပါဝင်သည်။ (ဥပမာ - အများပြည်သူဆိုင်ရာ သတင်းအချက်အလက်များ ဖန်တီးဖြန့်ဝေရာတွင် မသန်စွမ်းသူများ လက်လှမ်းမီ ရယူနိုင်သည့် ပုံစံများဖြင့် ဖြန့်ဝေမှုမပြုခြင်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် လက်သင်္ကေတပြ ဘာသာစကား မထည့်သွင်းခြင်း၊ သင်တန်းများ၊ အလုပ်ရုံ

ဆွေးနွေးပွဲများတွင် အကြားအာရုံမသန်စွမ်းသူများ ပါဝင်နိုင်ရန်အတွက် လက်သင်္ကေတပြဘာသာပြန်များ၊ စာရိုက်ပေးသည့် အကူများ မထည့်သွင်းခြင်း စသည်တို့ ပါဝင်ပါသည်။

၇။ မသန်စွမ်းသူများ အကျုံးဝင်မှုဆိုသည်မှာ

မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး (Disability Inclusion) ဆိုသည်မှာ မသန်စွမ်းသူများသည် အခြားသူများနှင့် တန်းတူ အခွင့်အရေး၊ အခွင့်အလမ်းများနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ပြီး လူမှုအသိုက်အဝန်း၏ ကဏ္ဍအသီးသီးတွင် အပြည့်အဝ၊ ထိရောက်စွာနှင့် အဓိပ္ပာယ်ရှိရှိ ပါဝင်နိုင်စေရန် အတားအဆီးများကို ဖယ်ရှား၍ လိုအပ်သော ပံ့ပိုးကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးသည် မသန်စွမ်းသူများအတွက် သီးခြားအစီအစဉ်များ ပြုလုပ်ခြင်းသာ မဟုတ်ဘဲ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူမှုအသိုက်အဝန်းအတွင်း ဆောင်ရွက်သည့် လုပ်ငန်းအားလုံးတွင် မသန်စွမ်းသူများကို တန်းတူညီမျှ ပါဝင်ခွင့်၊ အသုံးပြုခွင့်နှင့်အကျိုးခံစားခွင့် ရရှိစေရန် ထည့်သွင်းစဉ်းစားခြင်းကို ဆိုလိုပါသည်။

မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး၏ ရည်ရွယ်ချက်မှာ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မကျန်ရစ်စေရန် (Leave No One Behind) ဖြစ်ပြီး မသန်စွမ်းသူများသည် မိမိတို့၏ဘဝနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များ၊ စီမံကိန်းများနှင့် လုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ပါဝင်၍ မိမိတို့၏ အသံနှင့် အမြင်များကို ထုတ်ဖော်နိုင်စေရန် အားပေးခြင်း ဖြစ်ပါသည်။

၈။ မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေးအတွက် နှစ်လမ်းပြိုင်ချဉ်းကပ်နည်း (Twin-Track Approach)

မသန်စွမ်းသူများ အကျုံးဝင်ရေးအတွက် လုပ်ဆောင်ရာတွင် နှစ်လမ်းပြိုင်ချဉ်းကပ်နည်းဖြင့် လုပ်ဆောင်နိုင်ပါသည်။

နှစ်လမ်းပြိုင်ချဉ်းကပ်နည်း (Twin-Track Approach) ဆိုသည်မှာ မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး (Disability Inclusion) ကို အကောင်အထည်ဖော်ရာတွင် လမ်းကြောင်း (၂) ခုကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

မသန်စွမ်းသူများသည် လူတိုင်းအတွက် ဆောင်ရွက်သော အစီအစဉ်များတွင် အခြားသူများနည်းတူ ပါဝင်နိုင်ရုံသာမက မသန်စွမ်းမှုကြောင့် ဖြစ်ပေါ်လာသော အထူးလိုအပ်ချက်များကိုလည်း သီးခြားပံ့ပိုးပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် လူတိုင်းပါဝင်နိုင်သည့် အစီအစဉ်များ (Mainstream Inclusion) နှင့် မသန်စွမ်းသူများအတွက် အထူးပံ့ပိုးမှုများ (Targeted Support) ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ရပါသည်။

လမ်းကြောင်း (၁) – လူတိုင်းအတွက် လုပ်ဆောင်သည့် အစီအစဉ်များတွင် မသန်စွမ်းသူများကို အကျုံးဝင်စေခြင်း (Mainstreaming Disability Inclusion)

ဤလမ်းကြောင်းသည် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့် လူတိုင်းအတွက် ဆောင်ရွက်သည့် အစီအစဉ်များတွင် မသန်စွမ်းသူများ တန်းတူပါဝင်နိုင်စေရန် အတားအဆီးများကို ဖယ်ရှားပြီး လိုအပ်သော ပံ့ပိုးမှုများ ပြုလုပ်ခြင်း ဖြစ်ပါသည်။

ဥပမာ-

- အရေးပေါ်အကူအညီပေးရာတွင် Wheelchair အသုံးပြုသူများ ဝင်ရောက်နိုင်သော နေရာကို ရွေးချယ်ခြင်း။
- သင်တန်းများတွင် Sign Language Interpreter စီစဉ်ပေးခြင်း။
- သတင်းအချက်အလက်နှင့် စာရွက်စာတမ်းများကို Accessible Format ဖြင့် ထုတ်ဝေခြင်း။
- မသန်စွမ်းသူများကို စီမံကိန်းရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပါဝင်စေခြင်း။

လမ်းကြောင်း (၂) – မသန်စွမ်းသူများအတွက် သီးခြားပံ့ပိုးမှုများ ဆောင်ရွက်ခြင်း (Targeted Disability-specific Actions)

ဤလမ်းကြောင်းသည် မသန်စွမ်းသူများ၏ အထူးလိုအပ်ချက်များ ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပါသည်။ အခြားသူများနှင့် တန်းတူအခွင့်အရေးရရှိနိုင်ရန် မသန်စွမ်းမှုနှင့် တိုက်ရိုက်သက်ဆိုင်သော ဝန်ဆောင်မှုများနှင့် အကူအညီများကို ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

ဥပမာ

- Wheelchair၊ ခြေတုံ၊ ချိုင်းထောက်၊ Hearing Aid စသည့် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း။
- Functional Assessment နှင့် Rehabilitation Services များ ပံ့ပိုးပေးခြင်း။
- မသန်စွမ်းသူများ၏ အဖွဲ့အစည်းများ (OPDs) ကို စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရန်ပုံငွေထောက်ပံ့ခြင်း။
- မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးခြင်း။
- မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ခေါင်းဆောင်မှုကို မြှင့်တင်ပေးသော Advocacy Activities များ ဆောင်ရွက်ခြင်း။



၉။ ကမ္ဘာသုံးပုံစံ/အများသုံးပုံစံ၊ လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှု/ သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း/စီစဉ်ဖြည့်ဆည်းပေးမှု (Universal Design, Accessibility and Reasonable Accommodation)

ကမ္ဘာသုံးပုံစံ / အများသုံးပုံစံ (Universal Design) ဆိုတာဘာလဲ?

ကမ္ဘာသုံးပုံစံ (Universal Design) ဆိုသည်မှာ အသက်အရွယ်၊ ကျား/မ၊ ကိုယ်အင်္ဂါစွမ်းဆောင်ရည်၊ မသန်စွမ်းမှုအမျိုးအစား၊ ဘာသာစကား သို့မဟုတ် နောက်ခံအခြေအနေ မတူညီသူများအပါအဝင် လူအများစုအတွက် အထူးပြင်ဆင်မှု သို့မဟုတ် သီးခြားဒီဇိုင်း မလိုအပ်ဘဲ အလွယ်တကူ အသုံးပြုနိုင်စေရန် ထုတ်ကုန်များ၊ အဆောက်အအုံများ၊ ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်များနှင့် ပတ်ဝန်းကျင်ကို အစကတည်းက စဉ်းစား ဖန်တီးတည်ဆောက်ခြင်း ဖြစ်ပါသည်။

Universal Design ၏ ရည်ရွယ်ချက်မှာ လူတိုင်းအတွက် အသုံးပြုရ လွယ်ကူပြီး လက်လှမ်းမီနိုင်သော ပတ်ဝန်းကျင်နှင့် ဝန်ဆောင်မှုများကို ဖန်တီးပေးခြင်း ဖြစ်ပါသည်။ ဤချဉ်းကပ်နည်းသည် မသန်စွမ်းသူများသာမက သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များနှင့် ယာယီထိခိုက်ဒဏ်ရာရသူများအပါအဝင် လူတိုင်းအတွက် အကျိုးရှိစေပါသည်။

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်တွင် “ထုတ်ကုန်ပစ္စည်းများ၊ ပါတ်ဝန်းကျင်အနေအထားများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြုပြင်မှု (သို့မဟုတ်) အထူးဒီဇိုင်းပြုမှု ပြုလုပ်ရန်မလိုအပ်ဘဲ တတ်နိုင်သမျှ အကျယ်ပြန့်ဆုံး/အမြင့်ဆုံးအနေအထားဖြင့် လူတိုင်း ရရှိအသုံးပြုနိုင်သည့်ပုံစံ” ဟု ရည်ညွှန်းဖော်ပြထားပါသည်။

လွယ်ကူစွာ လက်လှမ်းမီရယူသုံးစွဲနိုင်မှု (Accessibility) ဆိုတာဘာလဲ?

လွယ်ကူစွာ လက်လှမ်းမီရယူသုံးစွဲနိုင်မှု (Accessibility) ဆိုသည်မှာ မသန်စွမ်းသူများအပါအဝင် လူတိုင်းသည် အဆောက်အအုံများ၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ နည်းပညာ၊ ဝန်ဆောင်မှုများနှင့် လူမှုဘဝ၏ ကဏ္ဍအသီးသီးကို အခြားသူများနည်းတူ လွတ်လပ်စွာ၊ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ အသုံးပြုနိုင်စေရန် အတားအဆီးများကို ဖယ်ရှားခြင်းနှင့် လိုအပ်သော အစီအမံများကို ကြိုတင်စီမံ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။

Accessibility ၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူများသည် အခြားသူများနည်းတူ သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများကို တန်းတူရရှိနိုင်စေရန် ဖြစ်ပါသည်။ Accessibility သည် မသန်စွမ်းသူများအတွက်သာ မဟုတ်ဘဲ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ကလေးငယ်များ၊ ယာယီဒဏ်ရာရရှိထားသူများနှင့် အခြားအသုံးပြုသူများအတွက်လည်း အကျိုးရှိစေပါသည်။

မသန်စွမ်းသူများ၏ အခွင့်အရေးရရှိရေးနှင့် လက်လှမ်းမီပါဝင်အကျုံးဝင်မှုတို့အတွက် အကြိုလိုအပ်ချက်ဖြစ်သည်။ ဆိုလိုသည်မှာ ကြိုတင်စီမံဖြည့်ဆည်းလုပ်ဆောင်ထားရမည့်အရာဖြစ်သည်။

သင့်တင့်လျောက်ပတ်သောနေရာထိုင်ခင်း/စီစဉ်ဖြည့်ဆည်းပေးမှု(Reasonable Accommodation)ဆိုတာ ဘာလဲ

သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်း/စီစဉ်ဖြည့်ဆည်းပေးမှု (Reasonable Accommodation) ဆိုသည်မှာ မသန်စွမ်းသူ တစ်ဦးချင်းစီ၏ လိုအပ်ချက်အရ ၎င်းတို့သည် အခြားသူများနှင့် တန်းတူ အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို အပြည့်အဝ ရရှိခံစားနိုင်စေရန် စီစဉ်ဖြည့်ဆည်းပေးသူ (သို့မဟုတ်) အဖွဲ့အစည်းအတွက် ဈေးကြီးလွန်းခြင်း၊ အရမ်းခက်ခဲစေခြင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းမရှိဘဲ မသန်စွမ်းသူတစ်ဦးချင်းအလိုက် လိုအပ်ချက်ကို မေးမြန်းပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများနှင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ (ဥပမာ - လက်သင်္ကေတပြ ဘာသာစကား (sign language) နားလည် အသုံးပြုနိုင်သည့် အကြားအာရုံ မသန်စွမ်းသူများအတွက် လက်သင်္ကေတပြ ဘာသာပြန် (sign language) စီစဉ်ပေးခြင်း၊ လက်သင်္ကေတပြဘာသာစကား နားမလည်သည့် အကြားအာရုံမသန်စွမ်းသူများအတွက် စာရိုက်ပေးသည့် Captioning support အကူ စီစဉ်ပေးခြင်း၊ မသန်စွမ်းမှု ပြင်းထန်သည့် မသန်စွမ်းသူများအတွက် အကူအညီပေးမည့်သူ (personal assistance) စီစဉ်ပေးခြင်း)

Reasonable Accommodation သည် လူတိုင်းအတွက် တူညီသော စီစဉ်မှု မဟုတ်ဘဲ မသန်စွမ်းသူ တစ်ဦးချင်း၏ လိုအပ်ချက်ကို အခြေခံ၍ စီစဉ်ပေးရသော အခွင့်အရေးတစ်ရပ်ပြီး လူကိုဗဟိုပြု ဆောင်ရွက်မှု ဖြစ်ပါသည်။ ထိုသို့ စီစဉ်ပေးခြင်းသည် အထူးအခွင့်အရေးပေးခြင်း မဟုတ်ဘဲ တန်းတူညီမျှသော အခွင့်အရေးရရှိစေရန် လိုအပ်သည့် ပြုပြင်ညှိနှိုင်းမှု ဖြစ်ပါသည်။

၁၀။ မသန်စွမ်းသူများနှင့် ထိတွေ့ပြောဆိုဆက်သွယ်ရာတွင် သိထားသင့် အချက်များ

ကိုယ်အင်္ဂါမသန်စွမ်းသူနှင့် ထိတွေ့ဆက်ဆံသောအခါ

- ရောဂါသည်လူနာလို မမြင်ပါနဲ့။ ရောဂါသည်နဲ့ မသန်စွမ်းသူဟာ အခြေအနေခြင်း မတူညီပါ။
- ကူညီပေးဖို့ လို၊ မလို အရင်ဆုံး မေးကြည့်ပြီးမှ အကူအညီပေးပါ။

- ဂျိုင်းထောက်၊ လက်ထောက်လို အထောက်အကူပြု ပစ္စည်းအသုံးပြုသူတွေနဲ့ အတူသွားလာတဲ့ အခါမျိုးမှာ အထောက်အကူပြုပစ္စည်တွေ ထိခိုက်မှုမရှိအောင် သတိပြုပါ။
- ဝီးချဲလ်အသုံးပြုသူနဲ့ အချိန်အတန်ကြာ စကားပြောပြောဖို့ ရှိပါက မျက်လုံးချင်း တစ်တန်းတည်းရှိတဲ့ အနေအထားက ပြောပါ။
- ဝီးချဲလ်အသုံးပြုသူ ထိုင်နေချိန်မှာ ဝီးချဲ တွန်းမယ်ဆိုရင် အရင် အသိပေးပီး တွန်းပါ။
- ကုန်းအတက်ကို တက်တဲ့အခါ ဝီးချဲလ်ကို နောက်လက်ကိုင် နှစ်ဖက်ကိုကိုင်ပြီး နောက်ဘက်မှ တွန်းတက်ပါ။ ဆင်းတဲ့အခါ ပြောင်းပြန် အနေအထားနဲ့ ထိန်းပြီးဆင်းပါ။
- ကိုယ်အင်္ဂါမသန်စွမ်းချက်မှုအပေါ် အာရုံမထားဘဲ တန်းတူဆက်ဆံပါ။
- သနားဂရုဏာသက်ဟန်မပြဘဲ စာနာစိတ်အပြည့်နဲ့ ပေါင်းသင်းဆက်ဆံပါ။

အမြင်အာရုံမသန်စွမ်းသူနှင့် ထိတွေ့ဆက်ဆံသောအခါ

- ငြင်သာစွာ ထိတွေ့/အချက်ပေးပြီးမှ စကားပြောဆိုပါ။
- သင် မည်သူမည်ဝါဖြစ်ကြောင်း အရင်ဖော်ပြပြီး ပုံမှန်အသံဖြင့် စကားပြောဆိုပါ။
- သူရှိနေသော အခန်းထဲသို့ ဝင်/ထွက်သောအခါ ဦးစွာ နှုတ်ဆက်အချက်ပေးပါ။
- ကြည့်စမ်း/တွေ့လား/ဒီနားမှာ/ဟိုဘက် စသော စကားလုံးများ သုံးနှုန်းခြင်းကို ရှောင်ကြဉ်၍ တိကျစွာ လမ်းညွှန်ပြောဆိုပေးပါ။
- သွားလာသောအခါ သင်၏လက်မောင်းကို ကိုင်ထားစေပြီး လမ်းပြခေါ်ဆောင်ပေးပါ။
- လူသွားလူလာများသော လမ်းမများပေါ်တွင် သွားလာရာတွင် သူ၏ရှေ့မှ ကိုယ်တစ်ခြမ်းကွယ်၍လည်းကောင်း၊ ကျဉ်းမြောင်းသောနေရာများတွင် ရှေ့တည့်တည့်မှတကိုယ်လုံးကွယ်၍လည်းကောင်း ဦးဆောင်လမ်းပြခေါ်ဆောင်ပါ။
- အကူအညီပေးရန် လို/ မလို အရင်ဆုံးမေးမြန်းပြီးမှ အကူအညီပေးပါ။
- ထိုင်သောအခါ ထိုင်ခုံ၏ထိုင်ရမည့်နေရာနှင့် နောက်ကျောမှီရမည့်နေရာကို လက်ဖြင့်ထိတွေ့ သိစေပါ။
- သူနှင့် ခရီးသွားလာသောအခါ အနီးအနား/ပတ်ဝန်းကျင်မှ စိတ်ဝင်စားဖွယ်/ဗဟုသုတရဖွယ် အကြောင်းအရာများ/ ရှုခင်းများအကြောင်း ပြောပြပေးပါ။
- ဘတ်စ်ကား/ရထား စီးနင်းသောအခါ လက်ကိုင်ကွင်း/တန်းကို မိမိရရ ကိုင်ထားစေပါ/ ကိုင်ထားနိုင်ဖို့ ကူညီပေးပါ။
- အစည်းအဝေးများ/သင်တန်းများသို့ သွားလာသောအခါ အစီအစဉ်/အပြင်အဆင်/ခင်းကျင်းထားရှိမှု/ အရေးပေါ်ဝင်ပေါက် ထွက်ပေါက်နှင့် သန့်စင်ခန်းရှိရာနေရာတို့ကို သိရှိထားစေပါ။
- ဧည့်ခံကျွေးမွေးသောအခါ သူ၏ရှေ့တွင် မည်သည့်အစားအစာများရှိကြောင်းကို လက်ဖြင့်ထိတွေ့အသိပေးခြင်းကောင်း/ နာရီလက်တံလှည့်အနေအထားဖြင့်လည်းကောင်း အသိပေးထားပါ။

အကြားအာရုံမသန်စွမ်းသူနှင့် ထိတွေ့ဆက်ဆံသောအခါ

- မြင်သာတဲ့နေရာကနေ လက်ဝှေ့ပြတာ၊ ပုခုံးကို ညင်သာစွာ ပုတ်တာမျိုးနဲ့ အချက်ပြပြီးမှ စကားစပြောပါ။
- တစ်ဖက်ကပြောသူရဲ့ နှုတ်ခမ်းလှုပ်ရှားမှုနဲ့ မျက်နှာအမူအရာတွေဟာ အကြားအာရုံမသန်စွမ်းသူတွေ အတွက် အရေးကြီးပါတယ်။ ဒါကြောင့် မျက်နှာကို ကွယ်နေတာမျိုး၊ အလင်းရောင် မလုံလောက်တဲ့ နေရာကနေ စကားပြောတာမျိုးကို ရှောင်ပါ။

- စကားပြောဆိုရာတွင် စကားလိမ်များ/ဗန်းစကားများ သုံးနှုန်းခြင်းကို ရှောင်ကြဉ်ပြီး ဖြည်းဖြည်းနှင့်ရှင်းလင်းစွာ ပြောဆိုပေးပါ။
- အခြေအနေပေးပါက စာရေးပြီး ဆက်သွယ်ပြောဆိုပါ။
- လက်သင်္ကေတပြဘာသာစကား (သို့) ဘာသာပြန်ရဲ့ အကူအညီနဲ့ ဆက်သွယ်နိုင်ပါတယ်။ စကားပြောတဲ့အခါ မျက်နှာချင်းဆိုင်နေပါ။ မျက်နှာအမူအရာ၊ လက်ဟန်ခြေဟန်တွေကို အသုံးပြုပြီး နားလည် လွယ်အောင် ဆက်သွယ်ပါ။
- ရယ်စရာအကြောင်းအရာ ပြောတဲ့အခါမှာလည်း သူတို့ သိအောင် ရှင်းပြပေးပါ။ မဟုတ်ရင် သူတို့အပေါ် လှောင်ပြောင်နေတယ်လို့ မှားယွင်းခံစားသွားနိုင်ပါတယ်။

ဉာဏ်ရည်မသန်စွမ်းသူနှင့် ထိတွေ့ဆက်ဆံသောအခါ

- သူတို့ စိတ်ဝင်စားတဲ့ အကြောင်းအရာ (ဒါမှမဟုတ်) ရင်းနှီးပြီးသား အကြောင်းအရာမျိုးနဲ့ စတင်ပြောဆိုပါ။
- ရိုးရှင်းတဲ့ စကားလုံးတွေနဲ့ ပြောပါ။
- စကားကို အမြန်မပြောပါနဲ့။ တစ်ကြိမ်တည်းမှာ အချက်အလက်တွေ အများကြီး မပြောပါနဲ့။
- ဘာသာစကားကို ချက်ချင်း နားလည်ပြီး ချက်ချင်းတုံ့ပြန်ဖို့ အခက်အခဲရှိတာကြောင့် စိတ်ရှည်ရှည်နဲ့ စောင့်ပေးပါ။
- မသင့်တော်တဲ့ မေးခွန်းမျိုးမေးတာ၊ မသင့်တော်တဲ့ အပြုအမူတချို့ လုပ်မိတာမျိုး ရှိတဲ့အခါ စိတ်မဆိုးဘဲနဲ့ နောင်မှာ ဒီလိုမေးတာ၊ ဒီလိုလုပ်တာ မသင့်တော်ကြောင်းကို နားလည်လွယ်အောင် ဖြည်းဖြည်းချင်း ရှင်းပြပေးပါ။
- အရွယ်ရောက်ပြီးသော ဉာဏ်ရည်မသန်စွမ်းသူတွေကို သူတို့ရဲ့ အသက်အရွယ်အလိုက်သာ ပြောဆိုဆက်ဆံပါ။

၁၁။ မသန်စွမ်းသူများ အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများ

အထောက်အကူပြုပစ္စည်းများ (Assistive Devices) သည် မသန်စွမ်းသူများ၏ လွတ်လပ်စွာ နေထိုင်နိုင်မှု၊ သွားလာနိုင်မှု၊ ဆက်သွယ်နိုင်မှု၊ ပညာသင်ယူနိုင်မှု၊ အလုပ်လုပ်နိုင်မှုနှင့် လူမှုအသိုက်အဝန်းတွင် အပြည့်အဝ ပါဝင်နိုင်မှုအတွက် မရှိမဖြစ် လိုအပ်သည့် အရေးကြီးသည့် ပစ္စည်းများနှင့် နည်းပညာများ ဖြစ်ပါသည်။ သင့်တော်သော အထောက်အကူပြုပစ္စည်းများကို အချိန်မီရရှိနိုင်ခြင်းသည် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် ဘဝအရည်အသွေး တိုးတက်စေရန် အရေးပါသော အခြေခံအချက်တစ်ရပ် ဖြစ်ပါသည်။ မသန်စွမ်းမှုအမျိုးအစားအလိုက် အသုံးပြုကြသည့် အထောက်ကူပြု ပစ္စည်း အမျိုးအစားများစွာရှိပါသည်။ ၎င်းတို့အနက် အများစုအသုံးပြုကြသည့် အထောက်ကူပြု ပစ္စည်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ကိုယ်အင်္ဂါ မသန်စွမ်းသူများအသုံးပြုသည့် အထောက်အကူပြုပစ္စည်းများ

ဝီးချဲလ် (Wheelchair)

ဂျိုင်းထောက် (Axilla

လမ်းလျှောက်လှည်း
(Rollator/Wheeled walker)

လေးချောင်းထောက်
(Quadri-pot/Working frame)

လက်ထောက်
(Elbow crutches)

လမ်းလျှောက်တုတ်ကောက်
(Walking stick)



ဖိနပ်ဖြင့်တွဲဆက်ထားသော
သတ္တုကိုင်းတပ်အားပြုကိရိယာ (Brace)

ခြေတုလက်တု (Prosthesis)

လိုအပ်ချက်အလိုက်အသုံးပြုသော အခြားပစ္စည်းများနှင့်နည်းပညာများလည်း များစွာရှိပါတယ်။

အမြင်အာရုံမသန်စွမ်းသူများအသုံးပြုသည့် အထောက်အကူပြု ပစ္စည်းများ

မျက်မမြင်လမ်းလျှောက်တုတ် (White Cane)

အသံထွက်နာရီ၊ လက်စမ်းနာရီ (Talking watch/ Touching watch)



မျက်မမြင်လက်စမ်းစာ (Braille)

မျက်မမြင်လက်နှိပ်စက် (Brailler)

စာဖတ်မှန်ဘီလူး (Magnifie)r



မျက်မမြင်လျှောက်လမ်း (Braille block)

မျက်မမြင်လမ်းပြခွေး (Guide dog)

လိုအပ်ချက်အလိုက်အသုံးပြုသော အခြားပစ္စည်းများနှင့်နည်းပညာများလည်း များစွာရှိပါသည်။

အကြားအာရုံမသန်စွမ်းသူများ အသုံးပြုသည့် အထောက်ကူပြု ပစ္စည်းများ



လက်သင်္ကေတပြဘာသာစကား (Sign language)

နားကြားကိရိယာ (Hearing aid)



နားနောက်ချိတ် နားကြားကိရိယာ (Behind the

အတွင်းနား အာရုံကြောနှိုးဆွစက် (Cochlear implant - CI)

နှုတ်ကြည့်ဖတ်ခြင်း (Lip reading)



လက်ဖြင့်စာလုံးပေါင်းခြင်း (Finger spelling)

လက်သင်္ကေတပြဘာသာပြန် (Sign language interpreter)



လက်သင်္ကေတပြဘာသာစကား အဘိဓာန်စာအုပ် (Sign language dictionary)

စကားလုံးမှ လက်သင်္ကေတသို့ ပြောင်းသည့် မိုဘိုင်း အက်ပ်လီကေးရှင်း (Text to Sign language application)



တုန်ခါမှုနှိုးစက် (Vibration alarm

လိုအပ်ချက်အလိုက်အသုံးပြုသော အခြားပစ္စည်းများနှင့်နည်းပညာများလည်း များစွာရှိပါသည်။

ဉာဏ်ရည်မသန်စွမ်းသူများအတွက် အသုံးပြုသည့် အထောက်အကူပြု ပစ္စည်းကိရိယာများ

စာမှအသံကိုပြောင်းလဲပေးသော အသံထုတ်ကိရိယာ (Speech-Generating Device - SGD)



အရေးပေါ်အကူအညီတောင်းခံမှုစနစ်များ (Emergency alert system)

နေ့စဉ်လုပ်ငန်းဆောင်တာများကိုယ်တိုင် လုပ်ဆောင်လာနိုင်ရန် အထောက်အကူပေးသည့် ပစ္စည်းနည်းပညာများ (Daily living aids)

သိမြင်မှတ်မိနိုင်မှုကိုပံ့ပိုးကူညီသည့်ပစ္စည်း/နည်းပညာများ (Cognitive support tools)

သိမြင်မှတ်မိနိုင်မှုကိုပံ့ပိုးကူညီသည့်ပစ္စည်း/နည်းပညာများ (Cognitive support tools)

သိမြင်မှတ်မိနိုင်မှုကိုပံ့ပိုးကူညီသည့်ပစ္စည်း/နည်းပညာများ (Cognitive support tools)

သိမြင်မှတ်မိနိုင်မှုကိုပံ့ပိုးကူညီသည့်ပစ္စည်း/နည်းပညာများ (Cognitive support tools)

လိုအပ်ချက်အလိုက်အသုံးပြုသော အခြားပစ္စည်းများနှင့်နည်းပညာများလည်း များစွာရှိပါသည်။

၁၂။ ကမ္ဘာတဝှမ်းနှင့် ဒေသတွင်းရှိ မသန်စွမ်းမှုဆိုင်ရာ ဒေတာအချက်အလက်များ

ကမ္ဘာတဝှမ်း၊ ဒေသတွင်းရှိ မသန်စွမ်းသူများဆိုင်ရာ ဒေတာ အချက်အလက်များ

- ယနေ့ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းဖြစ်သော သန်းပေါင်း ၁၂၀၀ ခန့်ဟာ မသန်စွမ်းသူများ ဖြစ်ပါသည်။ (UNDRR Global Survey Report on People with Disabilities 2023)
- မသန်စွမ်းသူများသည် ကမ္ဘာ့အကြီးမားဆုံးလူနည်းစု အုပ်စုကြီးဖြစ်သလို မသန်စွမ်းလူဦးရေ အရွယ်အစား ဟာလည်း ကမ္ဘာ့တတိယလူဦးရေအများဆုံးနိုင်ငံရဲ့ လူဦးရေပမာဏထက် ပိုများပါသည်။
- အာရှ-ပစိဖိတ်ဒေသတွင် မသန်စွမ်းသူဦးရေ ၆၉၀ သန်းနှင့် အာဆီယံဒေသတွင် မသန်စွမ်းသူဦးရေ ၆၈ သန်းခန့် ရှိနေပါသည်။ (UNESCAP Disability in Asia and Pacific 2018)
- ကမ္ဘာပေါ်တွင် အမျိုးသမီး ၅ ဦးလျှင် ၁ ဦးနှုန်း၊ ကလေး ၁၀ ဦးလျှင် ၁ ဦးနှုန်းသည် မသန်စွမ်းသူများဖြစ်ပါတယ်။ (WHO World Report on Disability 2011 & UNICEF Report on Well-being of Children with Disabilities 2011)
- မသန်စွမ်းသူများ၏ ၈၅ ရာခိုင်နှုန်းသည် ရပ်ရွာသဘာဝဘေးစီမံခန့်ခွဲမှုနှင့် အန္တရာယ်လျှော့ချရေး လုပ်ငန်းစဉ်များ တွင် ပါဝင်ဖူးခြင်းမရှိပါ။ (UNDRR, 2013)
- ကမ္ဘာ့အဆင်းရဲဆုံးလူအုပ်စုစာရင်းတွင် မသန်စွမ်းသူများသည် ၁၅-၂၀ ရာခိုင်နှုန်းကြား ပါဝင်နေပါတယ်။ (New Community-Based Rehabilitation Guidelines 2010)
- နိုင်ငံပေါင်း ၆၂ နိုင်ငံတွင် မသန်စွမ်းသူများသည် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း မရှိ သေးပါ။ (New Community-Based Rehabilitation Guidelines 2010)



၁၃။ မြန်မာနိုင်ငံရှိ မသန်စွမ်းမှုဆိုင်ရာ ဒေတာအချက်အလက်များ

- မြန်မာနိုင်ငံမှာတွင် နိုင်ငံလူဦးရေ၏ ၁၂.၈ ရာခိုင်နှုန်းဖြစ်တဲ့ ၅.၉ သန်းဟာ မသန်စွမ်းသူများဖြစ်ပါသည်။ ၅.၄%၊ မှတ်ဉာဏ်/ သင်ယူလေ့လာခြင်းတွင်ခက်ခဲမှုရှိသူ - ၄.၄%၊ အကြားအာရုံတွင်ခက်ခဲမှုရှိသူ - ၂.၄%၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်းတွင်ခက်ခဲမှုရှိသူ - ၁.၉%၊ အခြားသူများနှင့်ဆက်သွယ်ခြင်းတွင်ခက်ခဲမှုရှိသူ - ၁.၆% အသီးသီး ရှိနေပါသည်။ (Myanmar Inter Census 2019)

- တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ချင်းပြည်နယ်တွင် ၂၀.၆ ရာခိုင်နှုန်းဖြင့် မသန်စွမ်းလူဦးရေအများဆုံး၊ ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၁၇.၃ ရာခိုင်နှုန်းစီဖြင့် မသန်စွမ်းလူဦးရေ ဒုတိယအများဆုံးရှိနေပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ၈.၆ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်းအကြား အသီးသီးရှိနေပါသည်။ (Myanmar Inter Census 2019)
- မသန်စွမ်းမှုဖြစ်ပွားရခြင်း၏အဓိကအကြောင်းရင်း ၃ ရပ်ရှိပြီး (က) မွေးရာပါကြောင့်မသန်စွမ်းဖြစ်လာသူ ၃၆ ရာခိုင်နှုန်း၊ (ခ) ရောဂါကြောင့်မသန်စွမ်းဖြစ်လာသူ ၄၄ ရာခိုင်နှုန်းနှင့် (ဂ) မတော်တဆမှုများကြောင့် မသန်စွမ်းဖြစ်လာသူ ၂၀ ရာခိုင်နှုန်း ရှိပါတယ်။ (MSWRR National Disability Survey 2010)
- ယခုအခါ နိုင်ငံတဝှမ်းဖြစ်ပေါ်နေသော စစ်ပွဲများ၊ မြေမြှုပ်မိုင်းများ၊ သဘာဝဘေးအန္တရာယ်များ၊ ယာဉ်/လုပ်ငန်းခွင်အန္တရာယ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားနည်းခြင်း၊ အဟာရချို့တဲ့မှုနှင့် အခြားအခြေအနေ အရပ်ရပ်ကြောင့် မသန်စွမ်းဖြစ်ပွားနှုန်း ပိုမိုများပြားလာကာ မသန်စွမ်းလူဦးရေမှာလည်း ပိုမိုတိုးပွားလာနိုင်ပါသည်။
- မြန်မာနိုင်ငံတွင် - မသန်စွမ်းကလေးများ၏ ၈၇% သည် ဆရာဝန်နှင့်ပြသဖူးခြင်းမရှိပါ။ ၆၇% သည် မူလတန်းပညာ သင်ယူခွင့်မရသေးပါ။ ၉၇% သည် မူကြိုပညာရေးကို လက်လှမ်းမီခြင်း မရှိပါ။ မသန်စွမ်းသူ ၈၅% သည် အလုပ်လက်မဲ့များဖြစ်သည်။ မသန်စွမ်းအိမ်ထောင်စုများ၏ ၅၄% သည် ဝါးတဲအိမ်ဖြင့် နေထိုင်ကြရပြီး ၆၂% သည် စိုက်ပျိုးမြေပိုင်ဆိုင်ခြင်း မရှိကြပါ။ (DSW & UNICEF Situation Analysis of Children with Disabilities in Myanmar 2016 and MSWRR National Disability Survey 2010)
- တွေ့ရှိချက်အခြေအနေများအရ မသန်စွမ်းသူအများစုသည် အဆင်းရဲဆုံး၊ အခွင့်အရေးနှင့် ပါဝင်ခွင့် အဆုံးရှုံးဆုံးနှင့် ဖွံ့ဖြိုးရေးကဏ္ဍအသီးသီး၏နောက်တွင် အမေ့လျော့ခံများအဖြစ် ချန်လှပ်ခံရဆုံး လူအုပ်စု ဖြစ်နေပါသည်။



မသန်စွမ်းမှုအမျိုးအစား

မသန်စွမ်းမှုအမျိုးအစား (၆) မျိုးတွင် အမြင်အာရုံ ခက်ခဲမှု (၆.၃%) သည် အများဆုံးဖြစ်ပြီး ဒုတိယ အများဆုံးသည် လမ်းလျှောက်/လှေကားတက်ရာတွင် ခက်ခဲမှု (၅.၄%) ဖြစ်ပါသည်။ မှတ်ဉာဏ်/ သင်ယူလေ့လာခြင်းတို့တွင် ခက်ခဲမှု (၄.၄%)၊ အကြားအာရုံ ခက်ခဲမှု (၂.၄%)၊ မိမိကိုယ်ကို စောင့်ရှောက်ရာတွင် ခက်ခဲမှု (၁.၉%) နှင့် အခြားသူများနှင့်ဆက်သွယ်ရာတွင် ခက်ခဲမှု (၁.၆%) ရှိပါသည်။ အမျိုးသမီး မသန်စွမ်း ရာခိုင်နှုန်း (၁၃.၉%) သည် အမျိုးသား မသန်စွမ်း ရာခိုင်နှုန်း (၁၁.၆%) ထက်မြင့်မားကြောင်း တွေ့ရှိရပါသည်။

မသန်စွမ်းမှု အမျိုးအစား	ပေါင်း	ကျား	မ
အမြင်အာရုံ	၆.၃	၅.၅	၆.၉
အကြားအာရုံ	၂.၄	၂.၀	၂.၆
လမ်းလျှောက်/လှေကားတက်ခြင်း	၅.၄	၄.၄	၆.၃
မှတ်ဉာဏ်/သင်ယူလေ့လာခြင်း	၄.၄	၃.၉	၄.၉
မိမိကိုယ်ကို စောင့်ရှောက်ခြင်း	၁.၉	၁.၉	၂.၀
အခြားသူများနှင့် ဆက်သွယ်ခြင်း	၁.၆	၁.၅	၁.၆

တိုင်းဒေသကြီး/ပြည်နယ်	စုစုပေါင်းလူဦးရေ	မသန်စွမ်းဖြစ်ပွားမှုနှုန်း%	အမြင်	အကြား	လမ်းလျှောက်ခက်ခဲ	ဉာဏ်ရည်	စောင့်ရှောက်မှု	ဆက်သွယ်မှုခက်ခဲ
ပြည်ထောင်စု	**၄၆,၄၆၃,၂၈၅**	**၁၂.၈**	**၆.၃**	**၂.၄**	**၅.၄**	**၄.၄**	**၁.၉**	**၁.၆**
ဖြို့ပြ	၁၃,၅၇၈,၉၈၈	၁၂.၃	၆.၄	၁.၉	၅.၄	၃.၄	၁.၆	၁.၃
ကျေးလက်	၃၂,၈၈၄,၂၉၈	၁၃.၁	၆.၂	၂.၅	၅.၄	၄.၉	၂.၁	၁.၇
ကချင်	၁,၄၂၁,၃၃၅	၈.၉	၄.၉	၂.၃	၃.၀	၃.၄	၁.၃	၁.၇
ကယား	၂၇၄,၄၅၈	၁၀.၈	၃.၈	၂.၃	၃.၉	၄.၉	၂.၃	၁.၆
ကရင်	၁,၃၉၄,၅၄၅	၁၆.၆	၈.၆	၃.၀	၈.၁	၆.၄	၂.၁	၁.၇
ချင်း	၄၃၄,၇၇၁	၂၀.၆	၁၀.၅	၆.၂	၈.၇	၈.၅	၂.၆	၄.၃
စစ်ကိုင်း	၄,၈၂၅,၅၁၉	၉.၆	၄.၈	၁.၈	၃.၉	၃.၃	၁.၆	၁.၃
တနင်္သာရီ	၁,၂၇၄,၆၄၆	၁၁.၆	၅.၃	၂.၃	၅.၁	၄.၄	၁.၈	၁.၉
ပဲခူး	၄,၄၀၅,၃၅၈	၁၂.၆	၆.၂	၂.၂	၅.၅	၄.၄	၁.၆	၁.၄
မကွေး	၃,၄၈၂,၆၄၅	၁၀.၇	၇.၉	၂.၇	၆.၅	၇.၁	၂.၅	၁.၈
မန္တလေး	၅,၆၅၁,၀၆၂	၁၀.၂	၅.၀	၂.၀	၄.၅	၂.၄	၁.၃	၁.၀
မွန်	၁,၇၂၅,၆၁၁	၁၅.၂	၆.၉	၂.၃	၅.၈	၅.၆	၂.၇	၂.၀
ရခိုင်	၂,၉၁၄,၂၇၄	၁၇.၃	၇.၁	၃.၈	၆.၈	၇.၈	၄.၃	၂.၆
ရန်ကုန်	၇,၂၁၀,၅၉၂	၁၃.၄	၆.၅	၁.၈	၅.၆	၃.၁	၁.၃	၁.၂
ရှမ်း	၄.၈၁၄,၉၄၃	၈.၆	၃.၆	၂.၀	၃.၆	၂.၉	၁.၂	၁.၄
ဧရာဝတီ	၅,၅၆၁,၂၄၈	၁၇.၃	၈.၈	၃.၀	၇.၅	၆.၇	၂.၈	၂.၁
နေပြည်တော်	၁,၀၇၂,၂၅၇	၁၀.၈	၆.၆	၁.၉	၃.၈	၂.၇	၁.၂	၁.၀

၁၄။ မသန်စွမ်းမှုကိုစိစစ်ဖော်ထုတ်သည့်ပုံစံနည်းလမ်းများ (ဝါရှင်တန်အုပ်စုမေးခွန်းတို)

- အဖွဲ့အစည်းတစ်ခုနဲ့တစ်ခု၊ နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ မသန်စွမ်းမှုကို စီစစ်ဖော်ထုတ်သည့် ပုံစံနဲ့နည်းလမ်း(Tool)တွေ မတူညီကြပါ။ မိမိအသုံးပြုတဲ့ Tool ပေါ်မူတည်ပြီး ရလဒ်ဖြစ်တဲ့ မသန်စွမ်းအမျိုးအစားနှင့်အရေအတွက်လည်း အမျိုးမျိုးကွဲပြားနိုင်ပါသည်။
- အသုံးပြုတဲ့ Tool မတူညီပါက နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ ဒေသတစ်ခုနဲ့တစ်ခု၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုအကြား မသန်စွမ်းသူရာခိုင်နှုန်းနဲ့အရေအတွက် နှိုင်းယှဉ်လို့မရနိုင်ပါ။
- တဖန် တူညီတဲ့ Tool ကို အသုံးပြုထားသည်ဆိုစေကာမူ အဆိုပါ Tool ကိုသုံးပြီး စာရင်းကောက်မည့်သူများ၏ ကျွမ်းကျင်မှု၊ စနစ်တကျလေ့ကျင့်သင်တန်းရရှိထား မှုရှိ/မရှိပေါ်မူတည်ပြီးလည်း ရလဒ်များ ကွဲပြားနိုင်ပါသည်။
- မိမိတို့နှင့်ကိုက်ညီမည့် "မသန်စွမ်းမှုစီစစ်ဖော်ထုတ်သည့် (Disability screening tool)" ကို သီးခြားပြုစုထားရှိ အသုံးပြုကြသော်လည်း အများစုမှာ Washington Group on Disability Statistics (WG) က ပြုစုထားသော Washington Group Short Set Questionnaire (WGSS)Tool ကို အသုံးပြုကြပါသည်။

- သန်းခေါင်စာရင်းနှင့်စစ်တမ်းများကောက်ယူရာတွင် ပေါင်းစပ်အသုံးပြုနိုင်ရန် ရည်ရွယ်ဒီဇိုင်းပြုစုထားခြင်း ဖြစ်သော်လည်း ယခုအခါ မသန်စွမ်းသူများနှင့်ပတ်သက်သည့်ကဏ္ဍအတော်များများတွင် တွင်ကျယ်စွာ အသုံးပြုလာကြပါသည်။

- အခြေခံမေးခွန်းတွဲ ၆ ခုသာပါဝင်သော ဤ Tool သည် ရိုးရှင်းတိုတောင်းမှုရှိခြင်း၊ အသုံးပြုရလွယ်ကူမြန်ဆန်ခြင်း၊ မသန်စွမ်းသူအဖြစ်ခံယူရန် ရှက်ရွံ့သော ဖြေဆိုသူများအတွက် မေးခွန်းတွဲအားလုံးတွင် မသန်စွမ်းစကားရပ် မပါရှိခြင်း၊ နိုင်ငံရေး/စီးပွားရေး/ယဉ်ကျေးမှုနောက်ခံမတူညီသော နိုင်ငံအားလုံး/ဒေသအားလုံးတွင် အသုံးပြုနိုင်ခြင်းနှင့် ရရှိလာသောရလဒ်များကို နှိုင်းယှဉ်မှုပြုလုပ်နိုင်ခြင်းတို့သည် အားသာချက်များဖြစ်ပြီး လူအများကို အသုံးပြုလာစေသည့် အကြောင်းရင်းများလည်း ဖြစ်သည်။

- ဤ Tool ၏ အားနည်းချက်များ အနေဖြင့် အချိန်တိုအတွင်း လျှပ်တပြက်ကောက်ယူသည့်မေးခွန်းများဖြစ်ပြီး မသန်စွမ်းသူ၏အခြေအနေအသေးစိတ်အပေါ်အချက်အလက်ရရှိမှုနည်းပါးခြင်း၊ ဖြေဆိုသူက မေးခွန်းအပေါ် နားလည်မှုလွဲမှားမှုနှင့် မှန်ကန်စွာတုန့်ပြန်ဖြေဆိုမှု မပြုခြင်းတို့ကြောင့် ရလဒ်များ အပြောင်းအလဲရှိနိုင်ခြင်း၊ မေးခွန်းများသည် အသက် (၅) နှစ်နှင့်အောက်ကလေးများအတွက် တိုက်ရိုက်အသုံးပြုရန် အခက်အခဲရှိခြင်း၊ မသန်စွမ်းကလေးနှင့် မသန်စွမ်းမှုပြင်းထန်သူများအတွက် ၎င်းတို့၏အုပ်ထိန်းသူကဖြေဆိုသောတုန့်ပြန်ချက်ကိုသာ အမှီပြုရသောကြောင့် ကာယကံရှင်များအတွက် အချက်အလက်တိကျမှု ထိခိုက်နိုင်ခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း မသန်စွမ်းသူများပါဝင်နိုင်ရေးဆိုင်ရာ အတားအဆီးများကို ထည့်သွင်းထင်ဟပ်မှုမရှိခြင်းတို့ဖြစ်နိုင်သည်။

- Washington Group Questions Sets သည် ရောဂါ (သို့မဟုတ်) မသန်စွမ်းမှုအကြောင်းရင်းဇစ်မြစ်ကို ရှာဖွေဖော်ထုတ်သည့် Tool မဟုတ်ပါ။ လူတစ်ဦး၏ လုပ်ဆောင်နိုင်စွမ်းနှင့်ဆိုင်သည့် အခြေအနေများ၏ သက်ရောက်မှုကို လေ့လာခြင်းဖြစ်ပါသည်။

- Washington Group Questions Sets ကို အခြားစစ်တမ်း (သို့မဟုတ်) အချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ် တစ်ခုခုနှင့်တွဲဆက်အသုံးပြုပါသည်။ (ဥပမာ - သန်းခေါင်စာရင်း/စီမံချက်စစ်တမ်း/သင်တန်းသားအချက်အလက် မှတ်ပုံတင်ခြင်း စသည်)

- ဖြေဆိုမည့်သူများထံမှ အသိပေးသဘောတူညီမှုရယူပြီးမှ မေးခွန်းများကို မေးမြန်းအသုံးပြုရပါသည်။

- မေးခွန်းတွဲများကို အသုံးမပြုမီ စာရင်းကောက်မည့်သူများကို လေ့ကျင့်သင်တန်းပေးရန်လိုအပ်ပါသည်။

- အခြေအနေအရလိုအပ်ပါက မေးခွန်းများကို မိမိအခြေအနေနှင့်ကိုက်ညီအောင် ပြုပြင်ပြောင်းလဲနိုင်ပါသည်။ သို့သော် Washington Group on Disability Statistics (WG)ကို ဆက်သွယ်အသိပေးတိုင်ပင်ပြီးမှ ဆောင်ရွက်ခွင့်ရှိပါသည်။

- ဝါရှင်တန်အုပ်စုမေးခွန်းတိုများမှာ (Washington Group Short Set Questionnaire - WGSS) မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁	Do you have dfficulty in seeing, even if wearing glasses? သင့်အနေနဲ့ မျက်မှန်တပ်ထားရင်တောင်မှ အမြင်အာရုံ အခက်အခဲ ရှိပါသလား။	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမမြင်နိုင်ပါ။ (Cannot do at all)
၂	Do you have difficulty in hearing, even if using hearing aids? သင့်အနေနဲ့ နားကြားကိရိယာ အသုံးပြုရင်တောင်မှ အကြားအာရုံ အခက်အခဲ ရှိပါသလား။	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမကြားနိုင်ပါ။ (Cannot do at all)
၃	Do you have difficulty in walking or climbing steps? သင့်အနေနဲ့ လမ်းလျှောက်ရတာ သို့မဟုတ် လှေကား တက်ရတာ အခက်အခဲ ရှိပါသလား	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမလုပ်နိုင်ပါ။ (Cannot do at all)
၄	Do you have difficulty in remembering or concentration? သင့်အနေနဲ့ မှတ်မိနိုင်စွမ်း သို့မဟုတ် အာရုံစူးစိုက်နိုင်စွမ်းမှာ အခက်အခဲ ရှိပါသလား	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမလုပ်နိုင်ပါ။ (Cannot do at all)
၅	Do you have difficulty in self-care, such as washing all over or dressing? သင့်အနေနဲ့ အဝတ်လျှော်ခြင်း၊ အဝတ်လဲခြင်းကဲ့သို့သော တစ်ကိုယ်ရည် စောင့်ရှောက်မှုကို ကိုယ်တိုင် ပြုလုပ်ရာတွင် အခက်အခဲ ရှိပါသလား	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမလုပ်နိုင်ပါ။ (Cannot do at all)
၆	Do you have difficulty in communication using mother tongue, for example understanding or being understood? သင့်အနေနဲ့ မိခင်ဘာသာစကားကို အသုံးပြု၍ ပြောဆိုဆက်ဆံရာမှာ အခက်အခဲ ရှိပါသလား (ဥပမာ - သင် ပြောသည်ကို သူတစ်ပါး နားလည်ပါသလား/နားလည်ရန် အခက်အခဲရှိပါသလား)	1) အခက်အခဲမရှိပါ။ (No difficulty) 2) အနည်းငယ်အခက်အခဲရှိသည်။ (Some difficulty) 3) အများကြီးအခက်အခဲရှိသည်။ (A lot of difficulty) 4) လုံးဝမလုပ်နိုင်ပါ။ (Cannot do at all)

၁၅။ မသန်စွမ်းမှုဆိုင်ရာ အခေါ်အဝေါ်အသုံးအနှုန်းများ၊ ယင်းတို့၏သက်ရောက်မှုများ

- လူတို့သည် အမည်နာမ/အခေါ်အဝေါ်များကို တလေးတစား လေးစားတန်ဖိုးထားကြပါသည်။
- သူတို့ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ ချို့ယွင်းအားနည်းချက်ကို ဗဟိုပြုသည့်အခေါ်အဝေါ်တွေအစား သူတို့ရဲ့ ဂုဏ်သိက္ခာကို လေးစားရာရောက်တဲ့၊ အများလက်ခံ ထားတဲ့အခေါ်အဝေါ်တွေကို သုံးစွဲပေးသင့်ပါတယ်။
- မသန်စွမ်းသူများကတော့ အနုတ်သဘော အသုံးအနှုန်းများဖြင့် အခေါ် ခံရမှုကို မကြိုက်နှစ်သက်ကြပါ။
- အနုတ်သဘောအခေါ်အဝေါ်များကို ကာလရှည် အသုံးပြုလာကြသည့်အတွက် အချိန်ကြာမြင့်လာသည့်အခါ အမှန်တရားသဖွယ်ဖြစ်လာသည်။
- ပြောဆိုခေါ်ဝေါ်သုံးနှုန်းသူအတွက် ကိစ္စမရှိပေမဲ့ အခေါ် ခံရသူအတွက် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ များစွာထိခိုက် နစ်နာစေပါသည်။
- လူတိုင်းမှာ နာမည်တွေကိုယ်စီရှိပြီး သူတို့ရဲ့ ကိုယ်ပိုင်နာမည်တွေအတိုင်း ခေါ်ဝေါ်ပြောဆိုပေးတာအကောင်းဆုံးဖြစ်ပါသည်။

➢ မသန်စွမ်းသူတွေကို ဘယ်လိုရည်ညွှန်းခေါ်ဝေါ်ဆက်ဆံကြသလဲဆိုတဲ့အချက်ကိုကြည့်ပြီး အဆိုပါလူ့အဖွဲ့အစည်း၏ မသန်စွမ်းသူများအပေါ် ထားရှိသည့်အမြင်/ သဘောထား များကိုသိရှိနိုင်သလို ဖြစ်တည်မှုမတူသော မတူကွဲပြားမှုများအပေါ် ဘယ်လို ပြောဆို ပြုမူနိုင်သလဲ ဆိုတာကိုလဲ တပါတည်း လနားလည်သဘောပေါက် နိုင်ပါသည်။

➢ လူတစ်ယောက်ရဲ့ချို့ယွင်းအားနည်းချက်၊ မပြည့်စုံမှုကို အပြစ်ဖို့တဲ့သဘောဖြင့် အရှက်ရစေသည့်၊ သိက္ခာကို စော်ကားရာရောက်သည့်၊ ရင့်သီးသည့်အသုံးအနှုန်းများကို မသုံးစွဲသင့်တော့ပါ။

➢ လူသားဖြစ်ခြင်းကို စံနှုန်းတစ်ခုကဲ့သို့ အခြေခံထား၍ ထိုစံနှုန်းကို မမီသူများဖြစ်သည် ဟူသည့် အဓိပ္ပါယ်သက်ရောက်တဲ့ အခေါ်အဝေါ်များကို ရှောင်ကြဉ်သင့်ပါတယ်။

မသန်စွမ်းသူများအတွက် အပြုသဘောဆောင်သော အခေါ်အဝေါ် အသုံးအနှုန်းများ

- မသန်စွမ်းသူ
- ဥာဏ်ရည်မသန်စွမ်းသူ
- အမြင်အာရုံမသန်စွမ်းသူ/မျက်မမြင်
- ကိုယ်အင်္ဂါ မသန်စွမ်းသူ
- အကြားအာရုံမသန်စွမ်းသူ/နားမကြားသူ
- စိတ်-လူမှုပိုင်းမသန်စွမ်းသူ
- မသန်စွမ်းမှုတစ်ခုမကရှိသူ

အမြင်အာရုံမသန်စွမ်းသူများအား

ခေါ်ဝေါ်အသုံးပြုသင့်သည့် အသုံးနှုန်းများ	မခေါ်ဝေါ်သင့်သင့် အသုံးနှုန်းများ
• **အမြင်အာရုံအားနည်းသူ** • **လုံးဝမမြင်သူ** • **တစ်စိတ်တစ်ဒေသမမြင်သူ** • **အနည်းငယ်မြင်သူ** • **မျက်မမြင်** • **အမြင်အာရုံမသန်စွမ်းသူ**	• အကန်း • ဒုက္ခိတ • ငမော့ • အစ္စေ၊အစောင်း • တစ်ဖက်ပိတ် • တိုက်ခိုက်ရေးသမား • ကြောင်တောင်ကန်း • တစ်ဖက်လပ်

အကြားအာရုံမသန်စွမ်းသူများအား

ခေါ်ဝေါ်အသုံးပြုသင့်သည့် အသုံးနှုန်းများ	မခေါ်ဝေါ်သင့်သင့် အသုံးနှုန်းများ
• **နားမကြား** • **အပြော/အကြားအာရုံချို့ယွင်း/အားနည်းသူ** • **အပြောအကြားအာရုံမသန်စွမ်းသူ**	• ဆွံ့အနားမကြား • နားပင်း • နားထိုင်း • နားကန်း • နားလေး • ရွှေအ

ဉာဏ်ရည်မသန်စွမ်းသူများအား

ခေါ်ဝေါ်အသုံးပြုသင့်သည့် အသုံးနှုန်းများ	မခေါ်ဝေါ်သင့်သင့် အသုံးနှုန်းများ
• **သင်ယူမှုခက်ခဲသူ** • **ဉာဏ်ရည်မသန်စွမ်းသူ**	• စိတ္တအရူး • ကျပ်မပြည့် • ဉာဏ်ရည်နိမ့်သူ • ပြားကိုးဆယ် • တစ်ပြားလို • ဂေါက်သီး • ပလတ်ကျွတ် • ဂဏ္ဍာမငြိမ်

ကိုယ်အင်္ဂါမသန်စွမ်းသူများအား

ခေါ်ဝေါ်အသုံးပြုသင့်သည့် အသုံးနှုန်းများ	မခေါ်ဝေါ်သင့်သင့် အသုံးနှုန်းများ
• **ကိုယ်အင်္ဂါမသန်စွမ်းသူ** • **ကိုယ်အင်္ဂါချို့ယွင်းအားနည်းသူ** • **ဒူးအောက်/အထက်တစ်ဖက်ပြတ်သူ** • **ခါးအောက်ပိုင်းမသန်စွမ်းသူ** • **အရိုးကြွပ်ဆပ်သူ** • **နှုတ်ခမ်းကွဲ/အာခေါင်ကွဲသူ** • **ခြေပူး/လက်ပူးသူ (ပွား)** • **ခြေခွင်/လက်ခွင်သူ**	• ထော့ကျိုး • စုံထောက် • ဒုက္ခိတ • မသန်မစွမ်း • မစွမ်းမသန် • ငပျော့ • ပိုလီယို • ထောက်လှမ်းရေး • အိုနာကျိုးကန်း • ခြေတို/လက်တို • ခြေပြတ်/လက်ပြတ် • အကြောဆွဲနေသူ

၁၆။ မသန်စွမ်းအဖွဲ့အစည်းများ

မသန်စွမ်းအဖွဲ့အစည်းများ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးတွင် မသန်စွမ်းသူများအရေးကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းပေါင်းမြောက်များစွာရှိပါသည်။ ၎င်းတို့အထဲတွင် မသန်စွမ်းသူများ၏ အရေးကိစ္စများကို ဆောင်ရွက်ကြသည့် အဖွဲ့အစည်း အားလုံးကို ခြုံငုံကြည့်ပါက ယျေဘုယျအားဖြင့် အမျိုးအစား (၂) မျိုး တွေ့မြင်နိုင်ပါသည်။ ပထမတစ်မျိုးမှာ မသန်စွမ်းသူများ၏အဖွဲ့အစည်း **(Organization OF Persons with disabilities)** ဖြစ်ပြီး ဒုတိယအမျိုးအစားမှာ မသန်စွမ်းသူများ အတွက်အဖွဲ့အစည်း **(Organization FOR Persons with disabilities)** ဖြစ်ပါသည်။

မသန်စွမ်းသူများ၏အဖွဲ့အစည်း (Organization OF Persons with disabilities) - မသန်စွမ်းသူများ၏အဖွဲ့အစည်း၊ တနည်းအားဖြင့် မသန်စွမ်းအဖွဲ့အစည်း (OPD – Organization OF Persons with disabilities) ဆိုသည်မှာ -မသန်စွမ်းသူများကိုယ်တိုင် ဦးဆောင်စီမံခန့်ခွဲပြီး အဖွဲ့၏ အမြင့်ဆုံးဆုံးဖြတ်ချက် ချမှတ်သည့်အစုအဖွဲ့တွင် မသန်စွမ်းသူအနည်းဆုံး ၅၁ ရာခိုင်နှုန်းနှင့်အထက် ပါဝင်နေသော အဖွဲ့အစည်း၊ မသန်စွမ်းသူများ၏ကိုယ်စား မသန်စွမ်းသူများအရေးကိစ္စကို မသန်သူများ ကိုယ်တိုင် လုပ်ဆောင်သည့် အဖွဲ့အစည်း (သို့မဟုတ်) အသင်းအဖွဲ့ကို ဆိုလိုပါသည်။

မသန်စွမ်းအဖွဲ့အစည်း (OPD – Organization OF Persons with disabilities)များတွင် အဖွဲ့၏အမြင့်ဆုံး ဆုံးဖြတ်ချက်ချမှတ်သည့် အစုအဖွဲ့ဆိုသည်မှာ ဥပမာ - ဘုတ်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ (သို့မဟုတ်) အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့ စသည်ကို ဆိုလိုသည်။

ဥဏှာရည်မသန်စွမ်းသူများအတွက် မသန်စွမ်းမိဘ/အုပ်ထိန်းသူများကိုယ်တိုင် ဦးဆောင်ဖွဲ့စည်း လုပ်ဆောင်နေသော အသင်းအဖွဲ့များကိုလည်း မသန်စွမ်းသူများ၏အဖွဲ့အစည်း (Organization OF Persons with disabilities) အဖြစ် သတ်မှတ်ကြသည်။ သို့သော် အဖွဲ့၏ခေါင်းဆောင်တစ်ဦးတည်းက မသန်စွမ်းသူ (သို့မဟုတ်) မသန်စွမ်းမိဘဖြစ်နေရုံမျှဖြင့် မသန်စွမ်းအဖွဲ့အစည်းအဖြစ် သတ်မှတ်လေ့မရှိပါ။

မသန်စွမ်းသူများအတွက်အဖွဲ့အစည်း (Organization FOR Persons with disabilities) ဆိုသည်မှာ- မသန်စွမ်းမဟုတ်သူများက ဦးဆောင်စီမံခန့်ခွဲပြီး မသန်စွမ်းသူများအရေးအတွက် ကူညီလုပ်ဆောင်ပေးနေသော အဖွဲ့အစည်း၊ ကျောင်း၊ စင်တာ၊ ဂေဟာ (သို့မဟုတ်) ရိပ်မြုံ၊ အသင်းအဖွဲ့ စသည်တို့ကိုဆိုလိုပါသည်။

မသန်စွမ်းသူများအတွက် အဖွဲ့စည်းများသည် ယျေဘုယျအားဖြင့် မသန်စွမ်းသူများအား ထောက်ပံ့ကူညီမှုပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း အပိုင်းကို ပိုမိုလုပ်ဆောင်ပေးကြပါသည်။

၁၇။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်နှင့် မြန်မာနိုင်ငံမှ လက်ခံအတည်ပြုထားသည့် ကတိကဝတ်နှင့်မူဘောင်များ

ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း The United Nations Convention on the Rights of Persons with Disabilities (UNCRPD) " ဆိုတာဘာလဲ

- UNCRPD ဆိုတာ မသန်စွမ်းသူများရဲ့ အခွင့်အရေးများ အကြောင်းစာချုပ်ဖြစ်ပြီး အပိုဒ် ၅၀ ပါဝင်သည်။
- UNCRPD သည် နိုင်ငံများအား မသန်စွမ်းသူများလူ့အခွင့်အရေးများ ရရှိခံစားစေရန် အတွက် မည်သို့ လုပ်ဆောင်ရမည်ကို နားလည်သဘောပေါက်စေရန်ကူညီပေးသည်။
- UNCRPD သည်အခွင့်အရေးအသစ်များကို တောင်းခံနေခြင်း မဟုတ်ပါ။

UNCRPD ပေါ်ပေါက်လာပုံအဆင့်ဆင့်

- ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အီတလီ က ၁၉၈၂ ခုနှစ်တွင် ပထမဆုံးအကြိမ်တင်ပြသည်။
- ၁၉၈၇ တွင် အီတလီ၊ ၁၉၈၉ တွင် ဆွီဒင်တို့မှ တင်ပြသည်။
- ၂၀၀၀ ပြည့်နှစ်၊ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ (MDG)တွင် မသန်စွမ်းသူများအတွက် သီးခြား ပြဋ္ဌာန်းမှုများ မပါရှိခဲ့ပါ။

- ၂၀၀၁ တွင် မက္ကဆီကို နိုင်ငံမှ တင်ပြချက်ကို လက်ခံ၍ ၂၀၀၁ ဒီဇင်ဘာလ၊ ၅၆ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘောတူစာချုပ်ပေါ်ပေါက်ရန် ဆုံးဖြတ်၊ ကော်မတီတစ်ရပ်ဖွဲ့စည်း ဆောင်ရွက် ခဲ့သည်။
- ၂၀၀၆ခုနှစ်၊ ဒီဇင်လာ (၁၃) ရက်နေ့တွင် UNCRPD အားပြဋ္ဌာန်းခဲ့သည်။
- UNCRPD ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ တွင် အတည်ပြုပြဋ္ဌါန်းခဲ့ပြီး ၃၀ - ၃-၂၀၀၇ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် လက်မှတ်ထိုးရန် စတင်ဖွင့်လှစ် ခဲ့သည်။
- ၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့တွင် စတင်အာဏာသက်ဝင်ပြီး မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သည်။

UNCRPD ရည်ရွယ်ချက်

- မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးနှင့်အခြေခံ လွတ်လပ်ခွင့်များကို တန်းတူညီမျှ အပြည့်အဝရရှိရေးတို့ကို အကာအကွယ်ပေးရန်၊ တိုးမြှင့်ဆောင်ရွက်ပေးရန်နှင့် အသေအချာဆောင်ရွက်ပေးရန်
- မသန်စွမ်းသူတို့၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားရန်

UNCRPD ၏ အဓိကသော့ချက်များ

- နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များသည် မသန်စွမ်းသူများအတွက် လက်လှမ်းမီအကျုံးဝင် (Inclusive and Accessible) ဖြစ်ရမည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အားလုံးတွင် မသန်စွမ်းသူများအရေးကိစ္စကို အစိတ်အပိုင်းတစ်ရပ် (Cross-cutting) အဖြစ် ထည့်သွင်း ဆောင်ရွက်ရမည်။
- မသန်စွမ်းသူများ၏ဘဝကို သက်ရောက်သည့်ဆုံးဖြတ်ချက်များ ချမှတ်သည့် အခါတိုင်း မသန်စွမ်းသူများကို ပါဝင်ခွင့်ပေးရမည်။
- စာချုပ်ကို အကောင်အထည်ဖော်သည့်အခါ မသန်စွမ်းသူများအားလုံးအတွက် ရည်ရွယ် လုပ်ဆောင်ရမည်။

အာရှ - ပစိဖိတ်ဒေသတွင်းရှိ မသန်စွမ်းသူများအတွက် စစ်မှန်သောအခွင့်ရေးများ ဖော်ဆောင်ပေးမည့် အင်ချွန်လုပ်ငန်းစဉ် (Incheon Strategy) (၂၀၁၃ - ၂၀၂၂)

- တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် ESCAP အဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးများအစည်းဝေးမှ တခဲနက် အတည်ပြုချမှတ်ခဲ့သည့် အစိုးရလုပ်ငန်းစဉ်။
- ရည်မှန်းချက်ပန်းတိုင် ၁၀ ခု၊ ဦးတည်လုပ်ငန်းစဉ် ၂၇ ခုနှင့် လုပ်ငန်းအောင်မြင်မှုတိုင်းတာသည့် အညွှန်းပြပေတံ (၆၂) ခု ပါဝင်သည်။

- အခြေခံမူဆောင်ပုဒ်မှာ **"စစ်မှန်သောအခွင့်ရေး စွမ်းဆောင်ပေး"** ဖြစ်သည်။

အင်ချန်လုပ်ငန်းစဉ်၏ ပန်းတိုင် (၁၀) ခု

1) ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အလုပ်အကိုင်များ ဖော်ဆောင်ရေး၊
2) နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့် တိုးမြင့်လာရေး၊
3) အများပြည်သူသုံးနေရာများ၊ ထုတ်ကုန်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဗဟုသုတ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် အများနည်းတူ လက်လှမ်းမှီ ရယူသုံးစွဲနိုင်ရေး၊
4) လူမှုရေးဆိုင်ရာ အကာအကွယ်ပေးမှုများ ပိုမိုဖော်ဆောင်ပေးရေး၊
5) မသန်စွမ်းဖြစ်မှုများအား စောလျင်စွာ ရှာဖွေဆောင်ရွက်ပေးရေးနှင့် မသန်စွမ်းကလေးများ၏ ပညာရေး မြှင့်တင်ပေးရေး၊
6) ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများအတွက် လုပ်ပိုင်ခွင့်များ ပိုမိုဖန်တီးပေးရေး၊
7) မသန်စွမ်းသူများအကျိုးဝင် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရေး၊
8) မှန်ကန်တိကျသော မသန်စွမ်းသူများဆိုင်ရာ စာရင်း အချက်အလက်များ ပိုမိုကောက်ယူ ပြုစုရေး၊
9) မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အား အကောင်အထည်ဖော်ရေးနှင့် မသန်စွမ်းသူများဆိုင်ရာ ဥပဒေ ရေးဆွဲဆောင်ရွက်ရေး၊
10) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ Sustainable Development Goals (SDGs) ဆိုသည်မှာ

ကမ္ဘာကြီး၏ အနာဂါတ်အတွက် ၂၀၃၀ ခုနှစ်ထိ ဆောင်ရွက်ရမည့် ပန်းတိုင် (၁၇)ရပ်ဖြစ်သည် ပြီး ရည်မှန်းချက်(၁၆၉)ခု ပါဝင်သည်။ ကုလသမဂ္ဂတွင် ၂ နှစ်ကျော် ညှိနှိုင်းဆွေးနွေးခဲ့ကြရပြီး ကမ္ဘာနိုင်ငံများ အားလုံးနီးပါးသည် (၂၅.၉.၂၀၁၅) ရက်နေ့တွင် သဘောတူညီခဲ့ကြသည်။ ပန်းတိုင် (၁၇) ရပ်မှာ-

1) ဆင်းရဲနွမ်းပါးမှုပပျောက်ရေး
2) ငတ်မွတ်ခေါင်းပါးမှုမရှိရေး
3) ကောင်းမွန်သောကျန်းမာရေးစောင့်ရှောက်မှုရရှိရေး
4) အရည်အသွေးပြည့်ဝသော ပညာရေးရရှိရေး
5) ကျား/မ တန်းတူညီမျှမှုရှိရေး
6) သန့်ရှင်းသောသောက်သုံးရေနှင့်မိန်လာစနစ်ရရှိရေး
7) လူတိုင်းလက်လှမ်းမီပြီးသန့်ရှင်းသောစွမ်းအင် ရရှိရေး
8) သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု ရရှိရေး
9) စက်မှု လုပ်ငန်း၊ ဆန်းသစ်တီထွင်မှုနှင့် အခြေခံ အဆောက်အအုံ မြှင့်တင်ရေး

10) မည်မျှမှုများ လျှော့နည်းသွားစေရေး
11) ရေရှည်တည်တံ့သော မြို့ပြ ဒေသများနှင့် ကျေးလက်လူမှု အဖွဲ့အစည်းများ ထူထောင်ရေး
12) တာဝန်သိသော စားသုံးမှု ပုံစံ ဖြစ်ပေါ်စေရေး
13) ရာသီဥတုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး
14) ရေအောက် သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး
15) မြေပေါ်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေး
16) ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တည်ဆောက်ရေး
17) ရည်မှန်းချက်များ အားလုံးအတွက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ရေး တို့ဖြစ်သည်။

အာဆီယံအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ ပါဝင်မှုနှင့်မသန်စွမ်းသူများ၏ အခန်းကဏ္ဍ မြင့်မားရေး ဆိုင်ရာ ဘာလီကြေငြာချက် (Bali Declaration)

1) CRPD အားအတည်ပြုလက်မှတ်ရေးထိုးရန်
2) အာဆီယံ မသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ် လုပ်ငန်းစဉ် (၂၀၁၁ - ၂၀၂၀) အားအကောင်အထည်ဖော် ဆောင်ရွက်ရန်
3) အာဆီယံ မသန်စွမ်းသူများ ဖိုရမ်တည်ထောင်ရန်
4) ဒေသအတွင်း မသန်စွမ်းသူများဆိုင်ရာ အညွှန်းကိန်း ဖော်ပြချက်များ ဖြစ်ထွန်လာရေး တိုက်တွန်းအားပေးရန်
5) အာဆီယံဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည် ဖော်ရေးတွင် မသန်စွမ်းမှုဆိုင်ရာ သဘောထားအမြင်များအားပါဝင်စေရန်
6) သတင်းနှင့် ပြန်ကြားရေး နည်းပညာမျိုးစုံ အသုံးပြု၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်
7) နိုင်ငံရေးအပါအဝင် ဖွံ့ဖြိုးရေးကဏ္ဍ အားလုံးတွင် မသန်စွမ်းသူများပါဝင်ခွင့်ရရန်
8) မသန်စွမ်း ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ရန်
9) နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်များရေးဆွဲရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ အသုံးစရိတ် လျာထားသတ်မှတ်ရန်
10) မူဝါဒများ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းများတွင် မသန်စွမ်းသူများ ကိုယ်တိုင် ပါဝင်ရန်
11) လူမှုရေးနှင့် အလုပ်အကိုင်နေရာချထားရေးဆိုင်ရာ ကဏ္ဍများ
12) ဘီဝါကို ထောင်စုနှစ်လုပ်ငန်းစဉ်။ ဘီဝါကို အပေါင်းငါး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်မှု အားပေးရန်
13) သုတေသနလုပ်ငန်းများ အကဲဖြတ်ဆန်းစစ်ခြင်းများနှင့် အသိပညာသစ်များ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ရန်
14) ပညာရေးကဏ္ဍတိုးတက်ရေး
15) ကဏ္ဍအားလုံးတွင်အလွယ်တကူရယူသုံးစွဲနိုင်ရေး

16) ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများတွင် မသန်စွမ်းသူများအတွက် ထည့်သွင်းစဉ်းစားရန်
17) လူမှုဖူလုံရေး အစီအစဉ်တစ်ရပ်ဖြစ်ထွန်းလာစေရန်
18) ရပ်ရွာလူထုအတွင်း လူမှုရေးအရ ပူးပေါင်းပါဝင်ခွင့်ရရန်
19) မသန်စွမ်းသူများဆိုင်ရာ အစီအစဉ်များနှင့် မူဝါဒများကို အကောင်အထည်ဖော်မှုအား ကူညီထောက်ပံ့ရန်
20) သတင်းမီဒီယာများကို အာဆီယံဒေသအတွင်းရှိ မသန်စွမ်းသူများနှင့် မသန်စွမ်းမှုဆိုင်ရာ တိကျသည့် သတင်းအချက်အလက်များ တိုးမြှင့် ထုတ်လွှင့် ဖြန့်ဝေပေးရေးတိုက်တွန်းရန်

အာဆီယံမသန်စွမ်းသူများ ဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ် (ASEAN Decade) (၂၀၁၁-၂၀၂၀)

ရည်ရွယ်ချက်

အာဆီယံဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မသန်စွမ်းမှု ကဏ္ဍအား အားပေးမြှင့်တင်ရန်

ဦးစားပေးအခန်းကဏ္ဍ (၁၄) ရပ်

1) မသန်စွမ်းသူများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်အား အကာအကွယ်ပေးမှု မြှင့်တင်ခြင်း။
2) စီမံချက်များနှင့် မူဝါဒများ ချမှတ်ရာတွင် မသန်စွမ်းမှုအား တပါတည်းပါဝင်စေရန်နှင့် မသန်စွမ်းမှုအား ခွဲခြားဆက်ဆံမှုဆိုင်ရာ ဥပဒေများ ထိရောက်စွာ အကောင်ထည်ဖော်ခြင်း။
3) အလုပ်အကိုင်နေရာချထားခြင်း
4) သင့်လျော်သောပညာရေးဖော်ဆောင်ခြင်း
5) ကျန်းမာရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခြင်း
6) တရားမျှတမှုရရှိပိုင်ခွင့်နှင့် နိုင်ငံ့အေရေးအရာများတွင် ပါဝင်ခွင့်ရရှိရန်
7) အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ လူမှုရေးအရ ကာကွယ်ပေးခြင်း။
8) လွတ်လပ်စွာနေထိုင်ခြင်းနှင့် လူ့အသိုင်းအဝန်းအတွင်း ပေါင်းစည်းနေထိုင်ခြင်း
9) မသန်စွမ်းကလေးသူငယ်များ
10) မသန်စွမ်းအမျိုးသမီးများ
11) ယဉ်ကျေးမှု၊ အပမ်းဖြေမှုနှင့် အားလပ်ချိန်နှင့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ခြင်း
12) အလွယ်တကူရယူအသုံးပြုနိုင်ခြင်း
13) အစိုးရများ၊ ကိုယ့်အားကိုယ်ကိုး မသန်စွမ်းအဖွဲ့များ၊ ရပ်ရွာအဖွဲ့အစည်းများအား စွမ်းရည်မြှင့်တင်ခြင်း
14) မသန်စွမ်းသူများနှင့် ဘေးအန္တရာယ်ကာလ

မသန်စွမ်းမှုဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ

1981 ခုနှစ်

- ၁၉၈၁ ခုနှစ် တစ်နှစ်လုံး ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။
- မသန်စွမ်းဖြစ်ပွားမှုများ ကြိုတင်ကာကွယ်ရေး၊ မသန်စွမ်းသူများပြန်လည်ထူထောင်ရေးနှင့် မသန်စွမ်းသူများသည် အခွင့်အလမ်းများတန်းတူညီမျှရရှိလာရေးအတွက် သက်ဆိုင်ရာနိုင်ငံများအလိုက် ပြည်သူလူထုကို အသိပညာပေးရန်နှင့် လုပ်ငန်းစဉ်များချမှတ်လုပ်ဆောင်ရန် စတင်သတ်မှတ်ခဲ့ပါသည်။

1983 ~ 1992 ခုနှစ်

- ဆယ်နှစ်တာကာလကို **"ကုလသမဂ္ဂမသန်စွမ်းသူများဆယ်စုနှစ်"** အဖြစ်သတ်မှတ်ပြီး ကမ္ဘာ့လုပ်ငန်းစဉ်များ ချမှတ်၍ အဖွဲ့ဝင်နိုင်ငံများတွင် မသန်စွမ်းသူများအရေး ဆောင်ရွက်စေခဲ့ခြင်း။
- ဆယ်နှစ်ပြည့်လို့ ပြန်လည်သုံးသပ်ကြတဲ့အခါ မဆောင်ရွက်တဲ့နိုင်ငံတွေက အများစုဖြစ်ပြီး ဆောင်ရွက်ခဲ့တဲ့ နိုင်ငံများက မသန်စွမ်းသူတွေမှာ အခွင့်အရေးတွေ ပိုမိုရရှိလာခဲ့ခြင်း။

1993 ~ 2002 ခုနှစ်

- ကုလသမဂ္ဂအရှေ့အာရှ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (UNESCAP)က ၁၉၉၃ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ ဆယ်နှစ်တာကာလကို **"အာရှပစိဖိတ်ဒေသ မသန်စွမ်းသူများ ပထမဆယ်စုနှစ်"** အဖြစ်သတ်မှတ်။ ဆယ်နှစ်ပြည့်လို့ ပြန်လည်သုံးသပ်ကြတဲ့အခါ အာရှပစိဖိတ် ဒေသမှာလည်း မဆောင်ရွက်တဲ့နိုင်ငံတွေက အများစုဖြစ်ပြီး ဆောင်ရွက်ခဲ့တဲ့နိုင်ငံတွေက မသန်စွမ်းသူတွေ ကတော့ အခွင့်အရေးတွေ ထပ်မံရရှိခဲ့ ကြပါသည်။

2003 ~ 2012 ခုနှစ်

- တဖန်ကုလသမဂ္ဂအရှေ့အာရှ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (UNESCAP) ဆယ်နှစ် တာ ကာလကို **"အာရှပစိဖိတ်ဒေသမသန်စွမ်းသူများဒုတိယဆယ်စုနှစ်"** အဖြစ် ဆယ်နှစ်ထပ်မံ သက်တမ်းတိုးပေးခဲ့ပြီး ထိထိ ရောက်ရောက် မဆောင်ရွက်တဲ့နိုင်ငံတွေက အများစုဖြစ်ပြီး ဆောင်ရွက်ခဲ့တဲ့နိုင်ငံတွေက မသန်စွမ်းသူတွေကတော့ အခွင့်အရေးတွေကို ထပ်မံရရှိပြီးရင်း ရရှိခဲ့ ကြပါသည်။
- ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် - **The United Nations Convention on the Rights of Persons with Disabilities (UNCRPD)** ကို ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သဘောတူချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများတွင် အကောင်အထည်ဖော်စေခဲ့ပါသည်။

2013 ~ 2022 ခုနှစ်

- ကုလသမဂ္ဂအရှေ့အာရှ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (UNESCAP)က ဆယ်နှစ်တာကာလကို **"အာရှ ပစိဖိတ်ဒေသမသန်စွမ်းသူများတတိယဆယ်စုနှစ်" (သို့) အင်ချွန်းမဟာဗျူဟာ လုပ်ငန်းစဉ်** အဖြစ် သတ်မှတ်ခဲ့သည်။
- မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်နိုင်ငံများတွင် ဆက်လက်အကောင်အထည်ဖော်စေခဲ့သည်။
- ကမ္ဘာ့ကုလသမဂ္ဂကနေစတင်သတ်မှတ်ခဲ့တဲ့အချိန်ကနေ စတင်ရေတွက်ရင် နှစ် ၄၀ မြောက်၊ အာရှပစိဖိတ်ဒေသကနေ စတင်သတ်မှတ်ခဲ့တဲ့အချိန်ကနေ စတင်ရေတွက်ရင် နှစ် ၃၀ မြောက် အထိ ရောက်ရှိလာခဲ့ပေမဲ့ မသန်စွမ်းသူများရဲ့အခွင့်အရေးရရှိမှုနဲ့ လူ့ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည် ရှင်သန်နိုင်မှုမှာ များစွာ နောက်ကျကျန်နေဆဲဖြစ်ပါသည်။

2011 ~ 2020 ခုနှစ်

- ASEAN ကလည်း ဆယ်နှစ်တာကာလကို **"အာဆီယံမသန်စွမ်းသူများ ဆယ်စုနှစ်"** အဖြစ် သတ်မှတ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစဉ်များ အကောင် အထည် ဖော်ဖို့ အာဆီယံထိပ်သီး အစည်းအဝေးကနေ ကတိပြုခဲ့ကြပါသည်။

2018 ~ 2025 ခုနှစ်

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် (၈ နှစ်)တာကာလတွင်း အာဆီယံနိုင်ငံများတွင် မသန်စွမ်းသူများအရေး အရှိန်အဟုန်မြင့်ဆောင်ရွက်ရန် **"အာဆီယံမာစတာပလန် ၂၀၂၅"** ကို သဘောတူ ချမှတ်ခဲ့ပါသည်။

၁၈။ မြန်မာနိုင်ငံ၏ မသန်စွမ်းသူများဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

- ၁၉၅၈ ခုနှစ် - မသန်မစွမ်းသူများ အလုပ်အကိုင်ရရှိရေးဥပဒေရေးဆွဲခဲ့သည်။ သို့သော် အကောင်အထည် မဖော်နိုင်ခဲ့ပါ။
- ၂၀၀၉- မသန်စွမ်းသူများဆိုင်ရာ နိုင်ငံတော်စစ်တမ်းကောက်ယူခဲ့သည်။
- ၂၀၁၀ - ၂၀၁၂ - မသန်စွမ်းသူများဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်ချမှတ်ခဲ့သည်။
- ၂၀၁၁ - မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။
- ၂၀၁၅ - မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေပြဋ္ဌာန်းခဲ့သည်။
- ၂၀၁၆ - မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲခဲ့သည်။
- ၂၀၁၇ - မသန်စွမ်းသူများ၏အခွင့်အရေးနည်းဥပဒေပြဋ္ဌာန်းခဲ့သည်။

- ၂၀၁၈ - မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆက်စပ် ကော်မတီများ ဖွဲ့စည်းခဲ့သည်။
- ၂၀၁၈ - အမျိုးသားအဆင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် စတင် အကောင်အထည်ဖော်ခဲ့သည်။
- ၂၀၂၀ - ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် မသန်မစွမ်းစကားရပ်များအစား မသန်စွမ်းသူ စကားရပ်များဖြင့် အစားထိုး ပြဋ္ဌာန်းခဲ့သည်။
- ၂၀၂၀ - မသန်စွမ်းသူများ၏အခွင့်အရေးများ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ခြင်းဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ စတင်ရေးဆွဲခဲ့သည်။

၁၉။ မသန်စွမ်းမှုဆိုင်ရာ အရင်းအမြစ်များ

မသန်စွမ်းမှုဆိုင်ရာသတင်းအချက်အလက်နှင့်အရင်းအမြစ်များ

အကြောင်းအရာ	ရနိုင်သည့်အရင်းအမြစ်(ဝက်ဘ်ဆိုဒ်/လင့်ခ်)
MILI Disability Resource Pool (မသန်စွမ်းအရင်းအမြစ်ဝက်ဘ်ဆိုဒ်)	https://www.milimyanmar.org/my/
MILI Web TV Programmes (မသန်စွမ်းမှုဆိုင်ရာ မီလီဝက်ဘ်တီဗီအစီအစဉ်များ)	https://www.youtube.com/user/miliwebtv
MILI Online Radio Programmes (မသန်စွမ်းမှုဆိုင်ရာ မီလီအွန်လိုင်း ရေဒီယိုအစီအစဉ်များ)	https://soundcloud.com/milionlineradio
မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ အသိပညာပေး ဗီဒီယိုကလစ်များ	https://www.facebook.com/bbcmediaactionttp/
မြန်မာနိုင်ငံ အိမ်အကြောင်းအရာနှင့်လူဦးရေ ကြားဖြတ်သန်းခေါင်စာရင်း (၂၀၁၉) မသန်စွမ်းမှုဆိုင်ရာ အချက်အလက်များ	https://www.dop.gov.mm/sites/dop.gov.mm/files/publication_docs/ics_report_eng_7012021.pdf https://www.dop.gov.mm/en/data-and-maps-category/provisional-result
မြန်မာနိုင်ငံမသန်စွမ်းသူများအခြေအနေသုံးသပ်ချက် (၂၀၁၄ နှင့် ၂၀၁၉ အိမ်အကြောင်းအရာနှင့် လူဦးရေ သန်းခေါင်စာရင်း)	https://www.themimu.info/sites/themimu.info/files/documents/Report_Analytical_Brief_Disability_MIMU_18Aug2021_ENG.pdf
မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (၂၀၁၅)နှင့် နည်းဥပဒေများ (၂၀၁၇)	https://www.milimyanmar.org/wp-content/uploads/2022/02/Law-and-by-Law-book-Final-1.pdf
ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD)	https://www.milimyanmar.org/wp-content/uploads/2022/02/CRPD-FinalDouple-page-1.pdf

မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အရေးဆိုတလက်စွဲင်ပြခြင်းလမ်းညွှန်	https://www.milimyanmar.org/wp-content/uploads/2022/02/Policy-submitting-guideline.pdf
မသန်စွမ်းသူများအား အလုပ်ခန့်ထားခြင်းဆိုင်ရာ အလုပ်ရှင်များအတွက် လက်စွဲလမ်းညွှန်	https://www.myanmar-responsiblebusiness.org/resources/persons-with-disabilities-handbook.html
မြန်မာနိုင်ငံရှိ မသန်စွမ်းသူများအတွက် ICT ၏အခန်းကဏ္ဍဆိုင်ရာ သုတေသနလေ့လာချက်	https://lirneasia.net/wp-content/uploads/2018/08/LIRNEasia-Enabling-the-disabled.pdf
စီးပွားရေးလုပ်ငန်းများ၏လူမှုတာဝန်ယူမှုနှင့် မသန်စွမ်းမှုဆိုင်ရာ မြန်မာကုမ္ပဏီများလက်စွဲလမ်းညွှန်	https://www.themimu.info/sites/themimu.info/files/documents/Guide_Corporate_Social_Responsibility_Disability_CSR-D_MMR.pdf
ကမ္ဘာသုံးပုံစံ/အများသုံးပုံစံ (Universal Design) အကြောင်း	UNICEF video module on universal design principles UNICEF video on universal design
လွယ်ကူစွာလက်လှမ်းမီရယူသုံးစွဲနိုင်မှု (Accessibility) အကြောင်း	UNICEF Accessibility Toolkit, including checklists
အားလုံးအကျုံးဝင်ဆက်သွယ်ရေး (Inclusive Communication)အကြောင်း	UN Disability Inclusion Strategy Disability Inclusive Communication Guidelines UNICEF Inclusive Communications video module,
မသန်စွမ်းသူများလွယ်ကူစွာလက်လှမ်းမီရယူအသုံးပြုနိုင်မှုကို စစ်ဆေးဖော်ထုတ်မှုလမ်းညွှန်ပုံစံ Myanmar Accessibility Audit Tool	https://www.milimyanmar.org/wp-content/uploads/2024/04/Myanmar-Accessibility-Audit-Tool-2.pdf
မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ လိင်နှင့်မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေး၊ ကျား/မ အခြေပြုအကြမ်းဖက်မှု၊ စိတ်ကျန်းမာရေးနှင့် စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု လိုအပ်ချက်များအပေါ် လေ့လာမှုစစ်တမ်း	https://myanmar.unfpa.org/en/publications/assessment-availability-accessibility-acceptability-and-quality-sexual-and-reproductive
မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် မြေမြှုပ်မိုင်းဒဏ်သင့် မသန်စွမ်းသူများ၏ ပါဝင်မှုဆိုင်ရာ သုတေသနလေ့လာချက်	https://www.milimyanmar.org/wp-content/uploads/2022/02/ENG-VersionIncluding-persons-with-landmine-related-disability-in-the-Myanmar-Peace-Process-FINAL.pdf
OPD Mapping	https://www.milimyanmar.org/wp-content/uploads/2026/07/Mapping-Book-Final-Version-1.pdf

IASC Guideline – Myanmar Version	https://www.milimyanmar.org/wp-content/uploads/2026/07/Final-Clear_Revised-and-Consolidated_MM-Translation_IASC-Guidelines-with-MILI-Comments-copy.pdf